# ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**မိမိပြုပြီးသောကောင်းမှုကံကိုမြင်၍ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ရ**

ကောင်းမှုပြုသောသူသည် ဤဘဝ၌လည်း ဝမ်းမြောက်ရ၏၊ နောင်ဘဝ၌လည်း ဝမ်းမြောက်ရ၏၊ ပစ္စုပ္ပန်တမလွန် နှစ်တန်သော ဘဝတို့၌ ဝမ်းမြောက်ရ၏၊ ထိုသူသည် မိမိပြုပြီးသော ကောင်းမှုကံကိုမြင်၍ အလွန် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရလေ၏။

ယမကဝဂ်(ဓမ္မပဒ-၁၆)


၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက် ကြာသပတေးနေ့။ Thursday, 14 May 2026 ၁၂၁၇၈


## နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသော နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ အယ်လ်ဂျီးရီးယားပြည်သူ့ ဒီမိုကရက်တစ် သမ္မတ မစ္စတာ အက်ဘ်ဒယ်လ်မက်ဂျစ် တက်ဘွန်း ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့

နေပြည်တော် မေ ၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသော နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ အယ်လ်ဂျီးရီးယားပြည်သူ့ ဒီမိုကရက်တစ် သမ္မတ မစ္စတာ အက်ဘ်ဒယ်လ်မက်ဂျစ် တက်ဘွန်း ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

သတင်းစဉ်

## ပြည်ပသို့ ရေငန်ထွက်ကုန်များ အေးခဲတင်ပို့မှုထက် အရှင်တင်ပို့နိုင်ပါက နိုင်ငံခြားငွေတိုးမြင့်ရရှိလာမည်

ရန်ကုန် မေ ၁၃

**တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းနှင့် မြိတ်တို့မှ ပြည်ပသို့ ရေငန်ထွက်ကုန်များကို အေးခဲ၍ နှစ်စဉ်တင်ပို့လျက်ရှိရာ တိုက်ရိုက်အရှင်တင်ပို့နိုင်ပါက နိုင်ငံခြားဝင်ငွေ ပိုမိုရရှိလာမည်ဖြစ်သည့်အပြင် ရေထွက်ကုန်အရှင်တင်ပို့သော ဈေးကွက်သစ်တစ်ခု ရရှိလာမည်ဖြစ်ကြောင်း သိရသည်။**




မြိတ်ကျွန်းစုမှ ဂျပန်နိုင်ငံသို့တင်ပို့မည့် ပနားမီးပုစွန်ဖြူအေးခဲရန် ပြင်ဆင်နေစဉ်။

ပြည်ပသို့ ရေငန်ထွက်ကုန် ငါး၊ ပုစွန် တင်ပို့ရာ၌ တနင်္သာရီတိုင်းဒေသကြီးသည် အခြားဒေသတို့ထက် နှစ်စဉ်တိုးမြှင့် တင်ပို့လျက်ရှိသည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၌ တစ်နိုင်ငံလုံး ရေထွက်ပစ္စည်း တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇၂၅ သန်းခန့်ရရှိခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးမှ ၃၀၃ ဒသမ ၆၂ သန်း ကုန်ကြမ်းအဖြစ် တင်ပို့နိုင်ခဲ့သည်။

### ပြည်ပသို့တင်ပို့လျက်ရှိ

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့၊ ကျွန်းစုမြို့နယ်၊ ပုလောမြို့နယ်နှင့် ကော့သောင်းမြို့နယ်တို့၌ ပုစွန်၊ ကျောက်ငါး၊ ကကတစ်၊ ကဏန်းပျော့၊ ဂျင်းခရုနှင့် ပင်လယ်ရေမှော်တို့ကို မွေးမြူထုတ်လုပ်၍ ပြည်ပသို့တင်ပို့လျက်ရှိသည်။ သန့်ရှင်းလတ်ဆတ်မှုကြောင့် ကြိုက်နှစ်သက်ကြပြီး ကျောက်ပုစွန်နှင့် ရေငန်ပုစွန်များကို အရှင်တင်ပို့နိုင်ပါက ပြည်ပဝင်ငွေပိုမိုရရှိလာမည် ဖြစ်သည့်အတွက် ရေထွက်ကုန် လုပ်ငန်းရှင်များကလည်း စိတ်အားထက်သန်လျက်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၃ သို့ ✫



## အားကောင်းသော လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

နေပြည်တော် မေ ၁၃

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မိုး/ဇလ


ယနေ့ ဖတ်စရာ

ကျောင်းကုန်းမြို့နယ်၌ Football For School Program ဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက် စာမျက်နှာ » ၃

အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်း စာမျက်နှာ » ၄

ကြွက်မှတစ်ဆင့် ကူးစက်တတ်သည့် ဟန်းတာဗိုင်းရပ်စ် (Hantavirus)ရောဂါ ဆောင်းပါး စာမျက်နှာ » ၁၀





၂၀၂၆ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာ မြို့နယ် အသီးသီးရှိ သင်တန်းစခန်းများတွင် လေ့ကျင့်သင်ကြားပေးလျက်ရှိ စာမျက်နှာ » ၁၇

ကြေးမုံ

# နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုရရှိ ပြည်သူများအေးချမ်းစွာနေထိုင်လုပ်ကိုင်

နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုမရှိပါက ပြည်သူလူထု လူမှုစီးပွားဘဝများ ပျက်ပြားပြီး ဒုက္ခဆင်းရဲအမျိုးမျိုးနှင့် ကြုံတွေ့နိုင်သည်ကို စစ်အတွင်းကာလ၊ လွတ်လပ်ရေးရပြီးနောက်ပိုင်းကာလများတွင် ကြုံတွေ့ခဲ့ရပြီးဖြစ်သည်။ မျက်မှောက်ကာလတွင် နိုင်ငံရေးအခြေအနေကို အကြောင်းပြု၍ ပေါ်ပေါက်လာသော အကြမ်းဖက်သောင်းကျန်းသူများ ခေတ္တထိန်းချုပ်ခဲ့သည့် နယ်မြေဒေသများမှ ပြည်သူများ၏ဘဝဆင်းရဲဒုက္ခများကို ဒေသခံပြည်သူများသာမက မြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံး သိရှိကြပြီးဖြစ်သည်။

ယခုအခါ တပ်မတော်က ပြည်သူလူထု အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားပြီး အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့်ဒေသများ၌ အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေးများကို ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် တိုက်ဖျက်လျက်ရှိရာ နယ်မြေဒေသများ တစ်ခုပြီးတစ်ခု ပြန်လည်ထိန်းချုပ်ထားနိုင်ပြီဖြစ်သည်။ သာဓကအားဖြင့် တပ်မတော်က မြို့ရွာများကို ပြန်လည်ထိန်းချုပ်နိုင်ခြင်းကြောင့် ပြည်သူများအတွက် အရေးပါသည့် မန္တလေး-မတ္တရာ-တကောင်း-ထီးချိုင့်-ကသာ- အင်းတော်-မော်လူး-နန့်စီးအောင်-မိုးညှင်း-မိုးကောင်း-မြစ်ကြီးနား ဆက်သွယ်ရေးလမ်းကြောင်းကို မေ ၆ ရက်နေ့က အပြည့်အဝ ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

မြန်မာနိုင်ငံမြောက်ပိုင်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသော အခြေခံအဆောက်အအုံတစ်ခုဖြစ်သည့် မန္တလေးတိုင်းဒေသကြီးမှ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်အထိ ဆက်သွယ်ထားသည့် အဆိုပါဆက်သွယ်ရေးလမ်းကြောင်းကို အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားစဉ် အဆိုပါလမ်းကြောင်းတစ်လျှောက် မြို့ရွာများအားလုံးနီးပါးရှိ ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် လက်နက်ကိုင်သောင်းကျန်းမှုဒဏ်ကို ခံခဲ့ရသည်။ ထို့ပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကုန်စည်သယ်ယူပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှုလုပ်ငန်းများတွင် အခက်အခဲများဖြစ်ပေါ်ခဲ့သည်။ ထိုသို့ဖြစ်ပေါ်ခြင်းကြောင့် စားရေရိက္ခာနှင့် နေ့စဉ် လူ့အသုံးအဆောင်ပစ္စည်းများ ရှားပါးလာခြင်း၊ ဆေးဝါးနှင့် အရေးပေါ်သုံးပစ္စည်းများ လုံလောက်မှုမရှိတော့ခြင်း၊ ကုန်ဈေးနှုန်းများကြီးမြင့်ခြင်း စသည့် စီးပွားရေး၊ လူမှုရေးဘဝများအားလုံး အခက်အခဲများကြုံတွေ့ကြရသည်။

လက်ရှိတွင် အဆိုပါဆက်သွယ်ရေးလမ်းကြောင်းတစ်လျှောက်လုံးကို တပ်မတော်အနေဖြင့် အပြည့်အဝထိန်းချုပ်သိမ်းပိုက်ပြီး လမ်းကြောင်းတစ်လျှောက်ရှိ အခြေခံအဆောက်အအုံများအားလုံးကို မူလအခြေအနေအတိုင်း ပြန်လည်ကောင်းမွန်လာအောင် တပ်မတော်၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ပြည်သူများ ပူးပေါင်း၍ ပြန်လည်ပြုပြင် ဆောင်ရွက်လျက်ရှိသည်။ အဆိုပါလမ်းကြောင်းတစ်လျှောက်ရှိ မြို့ရွာများမှ ဒေသခံပြည်သူများ လုံခြုံရေးနှင့် လိုအပ်သည့်ထောက်ပံ့ကူညီမှုများ ပြုလုပ်ပေးနိုင်ရေး၊ အုပ်ချုပ်ရေးယန္တရားများ ပြန်လည်လည်ပတ်နိုင်ရေး၊ ဈေး၊ ကျောင်း၊ ရုံး၊ ဆေးရုံ စသည့်ပြည်သူလူထုဝန်ဆောင်မှုလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေးတို့ကို တပ်မတော်နှင့် အဖွဲ့အစည်းများက အင်တိုက်အားတိုက် ပြန်လည်ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ ဆက်သွယ်ရေးလမ်းကြောင်း ပြန်လည်ဖွင့်လှစ်ပေးနိုင်ပြီဖြစ်၍ ကုန်စည်စီးဆင်းမှု ချောမွေ့ကောင်းမွန်လာပြီး ဒေသတွင်း ကုန်ဈေးနှုန်းကြီးမြင့်မှုကို အတိုင်းအတာတစ်ခုအထိ လျှော့ချပေးနိုင်ခဲ့ပြီဖြစ်သည်။ ပြည်သူများအနေဖြင့် ဒေသတည်ငြိမ်အေးချမ်းမှု၏ အကျိုးကျေးဇူးများကို ပြန်လည်ခံစားနိုင်ပြီး ဒေသခံပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဒေသခံကျောင်းသား ကျောင်းသူများ ပညာသင်ကြားခွင့် အခွင့်အရေးများ ပြန်လည်ရရှိတော့မည်ဖြစ်သဖြင့် ဒေသခံပြည်သူများသာမက ပြည်သူလူထုတစ်ရပ်လုံး ဝမ်းမြောက်ပီတိ စိတ်ချမ်းသာပျော်ရွှင်မှုများ ရရှိနေကြပြီဖြစ်သည်။ အကြမ်းဖက်လုပ်ရပ်များကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် မြို့ရွာများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အစိုးရ၊ တပ်မတော်နှင့်အတူ ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်ကြမည်ဖြစ်သည်။

ဆက်သွယ်ရေးလမ်းကြောင်းများသည် နိုင်ငံတစ်နိုင်ငံ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးအကြီးဆုံးကဏ္ဍတစ်ခုဖြစ်သည်။ ကျေးလက်မြို့ပြဆက်သွယ်မှု လုံခြုံချောမွေ့မှသာ ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ မြို့ရွာများနှင့် ဆက်သွယ်ရေးလမ်းကြောင်းများကို ဖျက်ဆီးကြသည့် အကြမ်းဖက်သောင်းကျန်းသူများ၏လုပ်ရပ်များကို ပြည်သူလူထုအနေဖြင့် နာကျင်ခါးသီးစွာ ကြုံတွေ့ခံစားခဲ့ကြပြီးဖြစ်ရာ အကြမ်းဖက်သောင်းကျန်းသူများကို ပြည်သူလူထုတစ်ရပ်လုံးက ရွံ့ရှာမုန်းတီးလျက်ရှိပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ မြို့ရွာများ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအားလုံးတွင် ပြည်သူလူထုအနေဖြင့် ကျရာကဏ္ဍမှ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်အတူ တစ်သားတည်း ရပ်တည်ဆောင်ရွက်ကြမည်ဟု ယုံကြည်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

**အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်သမ္မတရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ထွန်းအား အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ် တာဝန်များကိုထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## (၁၃-၅-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၃~၃၆၆၉ | ၅၅၇~၅၅၈.၇ | ၁၂၄.၉~၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၁,၉၄၅,၇၉၄.၇၃ | ၅,၆၄၂,၀၈၉.၅၉ | ၂၀၂,၁၈၈,၈၇၃.၆၅ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ ချောဆီ၊ စက်မှုကုန်ကြမ်း၊ ဓာတ်မြေသြဇာ၊ ထုပ်ပိုးမှုပစ္စည်းများ၊ စားသုံးကုန်စည်၊ တိရစ္ဆာန်အစာ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍ ဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၁ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၄ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ၁၃ - ၅ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၅၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၃ - ၅ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၃,၅၀၀ | ၁၄,၀၀၀ | ၅၅ | ၇၄၃,၀၀၀ |
| MTSH | ၆,၃၀၀ | ၆,၄၀၀ | ၇,၃၅၅ | ၄၆,၄၈၁,၉၀၀ |
| MCB | ၉,၄၀၀ | ၉,၄၀၀ | ၆၀၀ | ၅,၆၄၀,၀၀၀ |
| FPB | ၄,၄၀၀ | ၄,၄၀၀ | ၁၂ | ၅၂,၈၀၀ |
| TMH | ၃,၃၀၀ | ၃,၃၀၀ | ၁၂ | ၃၉,၆၀၀ |
| EFR | ၁,၇၅၀ | ၁,၇၅၀ | ၂,၆၅၇ | ၄,၆၄၉,၇၅၀ |
| AMATA | ၃,၉၅၀ | ၃,၉၅၀ | ၈ | ၃၁,၆၀၀ |
| MAEX | ၄,၁၀၀ | ၄,၁၀၀ | ၄,၆၅၁ | ၁၉,၀၃၇,၁၀၀ |
| MADPL(PLB) | ၃,၉၀၀ | ၃,၈၅၀ | ၇၈၈ | ၃,၀၇၂,၇၀၀ |
| ASPGB(PLB) | ၃၈,၀၀၀ | ၃၈,၀၀၀ | ၉၀ | ၃,၄၂၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

**သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**စာတည်းမှူး** - အေဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ကျောင်းကုန်းမြို့နယ်၌ Football For School Program ဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်



**နေပြည်တော် မေ ၁၃**

ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်အတွင်း Football For School Program ဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် မြို့မဘောလုံးကွင်းတွင် အားကစားသမားများအား သင်ကြားလေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် အခြေခံပညာကျောင်းများ၌ အားကစားနည်းအလိုက် အခြေခံသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနိုင်ရေး မှာကြားသည်။

ထို့နောက်ကျောင်းကုန်းမြို့နယ်အားကစားကွင်းနှင့် အလျား ပေ ၁၂၀၊ အနံ ပေ ၉၀ မိုးလုံလေလုံ အားကစားရုံတည်ဆောက်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး အားကစားကွင်း/ အားကစားရုံများတွင် ပြည်သူများ ကိုယ်လက်လှုပ်ရှားမှုများနှင့် အားကစားလေ့ကျင့်ခြင်းများ လာရောက်ပြုလုပ်နိုင်ရေးအတွက် လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးသွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပုသိမ်မြို့ မြို့မဈေးရှိဆိုင်များအား ရှောင်တခင်စစ်ဆေးခြင်းများ ဆောင်ရွက်

**ပုသိမ် မေ ၁၃**

ဧရာဝတီတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနက ရက် (၁၀၀) စီမံချက်ဖြင့် ပုသိမ်မြို့ မြို့မဈေးရှိ ဈေးဆိုင်များအား ရှောင်တခင်ဝင်ရောက်စစ်ဆေးခြင်းကို ယမန်နေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

စစ်ဆေးရာတွင် ကျန်းမာရေးဝန်ကြီးဌာနက ချမှတ်ထားသော စည်းကမ်းများနှင့်အညီ ရောင်းချခြင်း ရှိ/မရှိ၊ သက်တမ်းလွန်နှင့် စားသုံးရန်မသင့်သော အစားအသောက်များ ရောင်းချနေမှု ရှိ/မရှိတို့ကို စစ်ဆေးပြီး ဈေးကွက်နမူနာအမျိုး ၆၀ ကောက်ယူခဲ့သည်။

ထို့နောက် ကောက်ယူသော နမူနာ ၄၂ မျိုးအား စားသုံးရန်မသင့်သော ခွင့်မပြုဓာတုဆိုးဆေးများပါဝင်မှု ရှိ/ မရှိ ရွှေ့လျားဓာတ်ခွဲယာဉ်ဖြင့် စစ်ဆေးခဲ့ရာ ငရုတ်သီးမှုန့် သုံးမျိုးတွင် ခွင့်မပြုဆိုးဆေးများ တွေ့ရှိရကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



# ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင် လူမှုဝန်ထမ်းဦးစီးဌာန ငှက်အော်စမ်းလူငယ်သင်တန်းကျောင်း ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၁၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ငှက်အော်စမ်းလူငယ် သင်တန်းကျောင်းကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ကလေးများသည် အနာဂတ်ကို ပုံဖော်ကြမည့်သူများဖြစ်သောကြောင့် စနစ်တကျနှင့် ကောင်းမွန်စွာ ပြုစုစောင့်ရှောက်ပေးရန်လိုကြောင်း၊ ကလေးတစ်ဦးချင်းစီ ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ အုပ်စုလိုက်ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ အနားယူအပန်းဖြေခြင်းနှင့် ပျော်ပွဲရွှင်ပွဲအစီအစဉ်များကိုလည်း ပိုမိုဆောင်ရွက်ပေးစေလိုကြောင်း၊ တစ်ဦးချင်း၏ နောက်ခံ အခြေအနေအပေါ် အခြေခံပြီး လူမှုဝန်ထမ်းနည်းလမ်းများဖြင့် စနစ်တကျလေ့ကျင့်သင်ကြားပေးရန်နှင့် မိသားစု၊ ရပ်ရွာအတွင်း ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ငှက်အော်စမ်းလူငယ်သင်တန်းကျောင်းတွင် ကလေးသူငယ်တရားရုံးများမှ ပေးပို့သော အသက် (၁၂) နှစ်မှ (၁၈) နှစ်အထိ ယောကျ်ားလေး ၃၇၆ ဦးနှင့် ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော ကလေး ၃၃ ဦးတို့ကို လက်ခံစောင့်ရှောက်ထားကြောင်း သိရသည်။ **သတင်းစဉ်**

# မိုးညိုမြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေး

**မိုးညို မေ ၁၃**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူများအား ရက်(၁၀၀)စီမံချက်ဖြင့် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးခြင်းကို မေ ၁၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖုန်းလွင်က အမှာစကားပြောကြားပြီး မြို့နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မြို့နယ်မန်နေဂျာ ဒေါ်တင်မာစိုးက စိုက်ပျိုးစရိတ်ချေးငွေများ တိုးမြှင့်ထုတ်ချေးပေးခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖုန်းလွင်က ကျေးရွာအုပ်စုနှစ်အုပ်စုမှ တောင်သူ ၁၂၃ ဦး၊ စိုက်ဧက ၉၁၆ ဧကအတွက် ချေးငွေ ၂၇၀၂၅၀၀၀၀ ကျပ်အား တောင်သူလက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကိုမင်း(ပြန်/ဆက်)**

☆ ရှေ့ဖုံးမှ

မြိတ်ကျွန်းစု မွေးမြူရေးကန်များမှ ထွက်ရှိသည့် ပနားမီးပုစွန်ဖြူများကို တရုတ်နှင့်ဂျပန်နိုင်ငံတို့သို့ တင်ပို့လျက်ရှိပြီး တရုတ်သို့ ပြုတ်ထားသော ပနားမီးပုစွန်နှင့် ဂျပန်သို့အေးခဲပြုလုပ်၍ ရေလမ်းကြောင်းမှ တင်ပို့လျက်ရှိသည်။



မြိတ်ကျွန်းစုမှ ဂျပန်နိုင်ငံသို့တင်ပို့မည့် ပနားမီးပုစွန်ဖြူများ အေးခဲရန် ပြင်ဆင်နေစဉ်။

“လက်ရှိ အေးခဲတင်ပို့နေပါတယ်။ အရှင်တင်ပို့နိုင်မယ်ဆိုရင် အကျိုးအမြတ်ပိုပြီး ရရှိလာမှာပါ။ အဓိကကျောက်ပုစွန်၊ ကင်းပုစွန်နဲ့ ပနားမီးပုစွန်ဖြူအရှင်တင်ပို့ဖို့ အဆင်ပြေနေပါပြီ။ ရောင်းအားကောင်းပြီး မွေးမြူသူပိုများလာတဲ့အတွက် နိုင်ငံအတွက်လည်း နိုင်ငံခြားငွေပိုရလာမှာပါ။ မြိတ်လေဆိပ်ကနေ တရုတ်၊ ဂျပန်ကို တိုက်ရိုက် အရှင်တင်ပို့နိုင်ပြီဆိုရင် ပို့ကုန်နှစ်ဆတိုးမြှင့်နိုင်ပြီး ရေထွက်ကုန်အရှင်တင်ပို့မှုဈေးကွက်တစ်ခု ရရှိလာမှာပါ”ဟု တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်အတွင်းရေးမှူးက ပြောသည်။

လက်ရှိတွင် တနင်္သာရီတိုင်းဒေသကြီးမှ ငါး၊ ပုစွန်နှင့် ဂျင်းခရုအရှင်များကို မြိတ်မှ ထိုင်းနိုင်ငံသို့တင်ပို့ပြီး ထိုမှတစ်ဆင့် တရုတ်နိုင်ငံသို့ လေကြောင်းဖြင့် ဆက်လက်တင်ပို့လျက်ရှိရာ ကုန်ကျစရိတ်များမှုကြောင့် အမြတ်နည်းသော်လည်း ကုန်စည်စီးဆင်းမှုမပြတ်စေရေး ဆက်လက်တင်ပို့လျက်ရှိသည်။

ကုန်ချောအဖြစ် တိုးမြှင့်ထုတ်လုပ်ခြင်းနှင့် အရှင်တင်ပို့နိုင်မည်ဆိုပါက ယခုထက်ပိုမိုပြီး ရေထွက်ကုန်မွေးမြူထုတ်လုပ်မှု တိုးတက်လာမည်ဖြစ်သည့်အပြင် ရေထွက်ကုန်အရှင်တင်ပို့သော ဈေးကွက်သစ်တစ်ခု ရရှိပြီး နိုင်ငံခြားဝင်ငွေတိုး တက်လာမည်ဖြစ်ကြောင်း သိရသည်။

**ဓာတ်ပုံ – ဇွဲမာန်**

**သစ္စာ(mna)**



# မိုးကောင်းမြို့၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေး

**မိုးကောင်း မေ ၁၃**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် မိုးရာသီစိုက်ပျိုး စရိတ်ချေးငွေများကို မေ ၁၂ ရက်တွင် စတင်ထုတ်ချေးပေးသည်။

မြို့နယ် လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မန်နေဂျာ ဒေါ်မြတ်နွဲ့သန်းက သတ်မှတ်ကာလအတွင်း စိုက်ပျိုးစရိတ်ချေးငွေကို ပြေကျေအောင် ပေးဆပ်ရန် မှာကြားပြီး ရက်(၁၀၀)စီမံချက်ဖြင့် မေ၊ ဇွန်၊ ဇူလိုင်လတို့တွင် ငွေကျပ် ၂၆၂၃ သိန်း ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ပေးအပ်**

ဆက်လက်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာကတာဝန်ရှိသူများနှင့်အတူ စိုက်ပျိုးစရိတ်ချေးငွေ အစောဆုံးပြေကျေသည့် သူဌေးကုန်းကျေးရွာနှင့် ညောင်ကုန်း ကျေးရွာတို့မှ တောင်သူ ၄၇ ဦးတို့အား ၃၃၆ ဧကအတွက် တစ်ဧကသုံးသိန်းကျပ်နှုန်းဖြင့် စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၁၀၀၈ သိန်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**သန်းလွင်ဦး(ပြန်/ဆက်)**

■

# အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။
အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေကြမ်း
## (၂၀၂၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်    )

၁၃၈၈ ခုနှစ်၊ လ ရက်
(၂၀၂၆ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်နှင့် စီရင်ပိုင်ခွင့်

၁။ ဤဥပဒေကို **အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ အွန်လိုင်းလိမ်လည်မှုနှင့်သက်ဆိုင်သည့် အောက်ပါကျူးလွန်မှု တစ်ရပ်ရပ်အတွက် ဤဥပဒေအရ စီရင်ပိုင်ခွင့်ရှိစေရမည်-

(က) နိုင်ငံတော်အတွင်း ကျူးလွန်မှု၊

(ခ) နိုင်ငံတော်၏တည်ဆဲဥပဒေအရ မှတ်ပုံတင်ထားသော ရေယာဉ် သို့မဟုတ် လေယာဉ် တစ်ခုခုပေါ်တွင် ကျူးလွန်မှု၊

(ဂ) နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်ပြီး နိုင်ငံခြားသားမှတ်ပုံတင် ကိုင်ဆောင်ထားသူက ဖြစ်စေ၊ နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်ခွင့်ရရှိထားသည့် နိုင်ငံခြားသားကဖြစ်စေ ပြည်ပတွင် ကျူးလွန်မှု၊

(ဃ) အမျိုးသားဆိုက်ဘာနယ်ပယ်အတွင်း၌ဖြစ်စေ၊ အမျိုးသားဆိုက်ဘာနယ်ပယ်နှင့် ချိတ်ဆက်နေသော အခြားဆိုက်ဘာနယ်ပယ်တစ်ခုခု၌ဖြစ်စေ ကျူးလွန်မှု။

(င) ပြည်ပရောက် မြန်မာနိုင်ငံသားက ကျူးလွန်မှု။

### အခန်း(၂)
### အဓိပ္ပာယ်ဖော်ပြချက်

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကိုဆိုသည်။

(ခ) **ဗဟိုကော်မတီ** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က ဤဥပဒေအရ ဖွဲ့စည်းသည့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးကြီးကြပ်မှုဗဟိုကော်မတီကို ဆိုသည်။

(ဂ) **ဒေသဆိုင်ရာကော်မတီ** ဆိုသည်မှာ ဗဟိုကော်မတီက ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထာင်စုနယ်မြေ အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးကော်မတီကို ဆိုသည်။

(ဃ) **ဗဟိုဌာန** ဆိုသည်မှာ ဗဟိုကော်မတီက ဖွဲ့စည်းသည့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး ဗဟိုဌာန (Anti – Scam Centre) ကို ဆိုသည်။

(င) **ဝန်ကြီးဌာန** ဆိုသည်မှာ ဤဥပဒေပါကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်သည့် ပြည်ထဲရေးဝန်ကြီးဌာနကို ဆိုသည်။

(စ) **ဗဟိုဘဏ်** ဆိုသည်မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကိုဆိုသည်။

(ဆ) **အွန်လိုင်းလိမ်လည်မှု(Online Scam)**ဆိုသည်မှာ ဆက်သွယ်ရေးကွန်ရက်မှတစ်ဆင့် အင်တာနက်နှင့် နည်းပညာအသုံးပြု၍ သူတစ်ဦးဦး၏ ငွေကြေး သို့မဟုတ် အဖိုးတန်ပစ္စည်းကို လှည့်ဖြားရယူခြင်းကို ဆိုသည်။

(ဇ) **အချက်အလက်(Data)** ဆိုသည်မှာ ကွန်ရက် သို့မဟုတ် ကွန်ပျူတာစနစ်တစ်ခုအတွင်းတွင် ပုံစံအမျိုးမျိုးဖြင့် သိမ်းဆည်းထားနိုင်သည့် အချက်အလက်ကိုဆိုသည်။

(ဈ) **ဘဏ်ငွေစာရင်းအမှတ် (Bank Account)** ဆိုသည်မှာ သတင်းပို့အဖွဲ့အစည်း တစ်ရပ်ရပ်၏ ထုတ်ကုန်နှင့်ဝန်ဆောင်မှုများကိုအသုံးပြုနိုင်ရန် ဆက်သွယ်ဆောင်ရွက်သူနှင့် သတင်းပို့အဖွဲ့အစည်းအကြား ထူထောင်ထားရှိသည့် စီးပွားဆက်ဆံဆောင်ရွက်မှုကိုဆိုသည်။ ယင်းစကားရပ်တွင် တတိယပုဂ္ဂိုလ် သို့မဟုတ် တတိယကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းက ၎င်းတို့ကိုယ်တိုင် သို့မဟုတ် ၎င်းတို့ကိုယ်စား စီးပွားဆက်ဆံဆောင်ရွက်မှုများအတွက် တိုက်ရိုက်ဆက်သွယ်၍ ပေးချေမှုကိုအသုံးပြုသည့် တစ်ဆင့်လက်ခံဘဏ်ငွေစာရင်းလည်းပါဝင်သည်။

(ည) **ဆက်သွယ်ရေးကွန်ရက်(Communication Network)** ဆိုသည်မှာ စာသား၊ အသံ၊ ရုပ်ပုံ၊ ရုပ်သံဗီဒီယို သို့မဟုတ် အချက်အလက်(Data) တစ်ရပ်ရပ်ကို အီလက်ထရောနစ် နည်းလမ်းဖြင့် ပေးပို့ခြင်း၊ လက်ခံခြင်း၊ ထုတ်လွှင့်ခြင်း သို့မဟုတ် ဖလှယ်ခြင်းတို့ ပြုလုပ်နိုင်ရန်အတွက် ကြိုးမဲ့စနစ်၊ ကြိုးသုံးစနစ်၊ အလင်းဖိုင်ဘာစနစ်၊ ဂြိုဟ်တုဆက်သွယ်ရေးစနစ် သို့မဟုတ် အခြားလျှပ်စစ်သံလိုက်စနစ်တစ်ခုခုဖြင့်ချိတ်ဆက်ထားသော ထိန်းချုပ်မှုစနစ်နှင့်အခြေခံအဆောက်အအုံကို ဆိုလိုသည်။ ယင်းစကားရပ်တွင် အများပြည်သူသုံးဆက်သွယ်ရေးကွန်ရက်၊ သီးသန့်ကွန်ရက်နှင့် အင်တာနက်ကွန်ရက်တို့လည်း အကျုံးဝင်သည်။

(ဋ) **လူမှုကွန်ရက် (Social Network)** ဆိုသည်မှာ ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို အခြေပြု၍ အသုံးပြုသူက မိမိ၏ ကိုယ်ရေးအချက်အလက်များ သို့မဟုတ် ဒီဂျစ်တယ် အကြောင်းအရာ (Digital Content)များကို ဖန်တီးခြင်း၊ လွှင့်တင်ခြင်း၊ ဖလှယ်ခြင်းနှင့် အခြားအသုံးပြုသူများနှင့် အပြန်အလှန် ဆက်သွယ်ခြင်းတို့ကို ဆောင်ရွက်နိုင်သည့် အွန်လိုင်းအခြေပြုဝန်ဆောင်မှု၊ ဝက်ဘ်ဆိုဒ်(website) သို့မဟုတ် ဆော့ဖ်ဝဲအပလီကေးရှင်း(Software Application)ကို ဆိုသည်။

(ဌ) **မိုဘိုင်းငွေကြေးစာရင်း (Mobile Financial Services Account)** ဆိုသည်မှာ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူက မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးရန် အလို့ငှာ ဆက်သွယ်ဆောင်ရွက်သူ၏ ငွေကြေးတန်ဖိုးတစ်ရပ်ကို ထိုသူ၏ မိုဘိုင်းဖုန်းတွင် သိုမှီးပေးထားခြင်းကိုဆိုသည်။

(ဍ) **ဆက်သွယ်ရေး အော်ပရေတာ** ဆိုသည်မှာ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ကြီးကြပ်မှုအောက်တွင်ရှိသော အော်ပရေတာများကိုဆိုသည်။

(ဎ) **အင်တာနက် ဝန်ဆောင်မှုပေးသူ (Internet Service Provider – ISP)** ဆိုသည်မှာ နိုင်ငံတော်အတွင်းအသုံးပြုနိုင်သည့် ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းကို ဆောင်ရွက်သော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(ဏ) **ကြားခံဘဏ်ငွေစာရင်းအမှတ် (Mule Account)** ဆိုသည်မှာ ရာဇဝတ်မှုမှရရှိသော ငွေကြေးများကို လွှဲပြောင်းခြင်း၊ ဖုံးကွယ်ခြင်း သို့မဟုတ် ငွေကြေးခဝါချခြင်းပြုလုပ်နိုင်ရန်အတွက် မိမိ၏ ဘဏ်ငွေစာရင်းအမှတ် အီလက်ထရောနစ်ဝေါလက်(E-wallet) သို့မဟုတ် ဆင်းကတ်(SIM CARD)ကို အခြားသူတစ်ဦးအား အသုံးပြုခွင့်ပေးထားခြင်း သို့မဟုတ် အငှားချထားခြင်းကို ဆိုသည်။

### အခန်း(၃)
### ရည်ရွယ်ချက်

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အွန်လိုင်းလိမ်လည်မှုကို နိုင်ငံတော်အတွင်း အခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် ပြည်ပနိုင်ငံအစိုးရများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်ရန်၊

(ခ) နယ်စပ်ဒေသများမှတစ်ဆင့် နိုင်ငံတော်အတွင်းသို့ တရားမဝင် ဝင်ရောက်ပြီး အွန်လိုင်းလိမ်လည်မှုဆိုင်ရာ မှုခင်းများကို ကျူးလွန်ခြင်းဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် တည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေခြင်းမှ ကာကွယ်နိုင်ရန်၊

(ဂ) အွန်လိုင်းလိမ်လည်မှုဆိုင်ရာ မှုခင်းများကို အမြစ်ပြတ် ဖော်ထုတ်အရေးယူဆောင်ရွက်နိုင်ရန်၊

(ဃ) အွန်လိုင်းလိမ်လည်မှုကြောင့် အများပြည်သူ ထိခိုက်နစ်နာဆုံးရှုံးမှုကို တားဆီးကာကွယ်နိုင်ရန်၊

(င) ဘဏ်နှင့် ငွေရေးကြေးရေးဆိုင်ရာအဖွဲ့အစည်းများ၊ ဆက်သွယ်ရေးဝန်ဆောင်မှုပေးသူများနှင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများအကြား သတင်းအချက်အလက် ဖလှယ်နိုင်မည့်စနစ်တစ်ခု တည်ထောင်နိုင်ရန်၊

(စ) အွန်လိုင်းလိမ်လည်မှု ပြုလုပ်သည့်နေရာတွင် တရားမဝင် ရောက်ရှိနေသော နိုင်ငံခြားသားများကို စိစစ်ထိန်းသိမ်းနိုင်ရန်၊

(ဆ) အွန်လိုင်းလိမ်လည်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများနှင့် အွန်လိုင်းလိမ်လည်မှုကျူးလွန်ရာမှ ရရှိလာသည့် အကျိုးအမြတ်များကို သိမ်းဆည်းခြင်း၊ စီမံခန့်ခွဲခြင်း ဆောင်ရွက်နိုင်ရန်။

### အခန်း(၄)
### ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် ယင်း၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးကြီးကြပ်မှုဗဟိုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ(၁) |
| (၃) | ပြည်ထောင်စုဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ(၂) |
| (၄) | ဥက္ကဋ္ဌ/ ဝန်ကြီးချုပ်<br>နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၅) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (၆) | တိုင်းမှူး<br>သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (၇) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ဒုတိယဝန်ကြီး<br>ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၂) | ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၃) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၄) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၅) | ဒုတိယတပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် | အဖွဲ့ဝင် |
| (၁၆) | ရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (၁၇) | ဒုတိယရဲချုပ်(၂)<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး(၁) |

စာမျက်နှာ ၅ သို့ ☆

☆ စာမျက်နှာ ၄ မှ

(၁၈) ဌာနကြီးမှူး — တွဲဖက်အတွင်းရေးမှူး(၂)
နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး
မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန

(၁၉) တပ်ဖွဲ့မှူး — တွဲဖက်အတွင်းရေးမှူး(၃)
မှုခင်းရဲတပ်ဖွဲ့
မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန

(ခ) ဗဟိုကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ ဗဟိုကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးမဟာဗျူဟာများ၊ မူဝါဒများနှင့်လုပ်ထုံးလုပ်နည်းများကို ရေးဆွဲချမှတ်ခြင်း၊

(ခ) အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးအတွက် လိုအပ်သည့် ကော်မတီများဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ဂ) ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် အခြားသက်ဆိုင်ရာအဖွဲ့အစည်းများအကြား အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်စေခြင်း၊

(ဃ) နိုင်ငံတကာနှင့် ပြည်တွင်းရှိ အွန်လိုင်းလိမ်လည်မှုကွန်ရက်များ၏ သတင်းအချက်အလက်များကို စုဆောင်းခြင်း၊ စိစစ်ခြင်း၊ လေ့လာဆန်းစစ်ခြင်းပြုကာ သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ဖြန့်ဝေပေးခြင်း၊

(င) အွန်လိုင်းလိမ်လည်မှုကျူးလွန်သူများ၊ အွန်လိုင်းလိမ်လည်မှုစင်တာများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ တရားစွဲဆိုနိုင်ရေး ညွှန်ကြားခြင်းနှင့် ကြီးကြပ်ခြင်း၊

(စ) လူကုန်ကူးမှု၊ အတင်းအဓမ္မခိုင်းစေမှုများ ကျူးလွန်သည့် အွန်လိုင်းလိမ်လည်မှုခေါင်းဆောင်များကို ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ညွှန်ကြားခြင်းနှင့်ကြီးကြပ်ခြင်း၊

(ဆ) အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ (INTERPOL)၊ အာဆီယံရဲအဖွဲ့ (ASEANAPOL) အပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမှတာဝန်ရှိအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ နယ်စပ်ဖြတ်ကျော် အွန်လိုင်းလိမ်လည်မှုများကို တိုက်ဖျက်ခြင်း၊

(ဇ) အွန်လိုင်းလိမ်လည်မှုမှရရှိသော ငွေကြေးနှင့်ပိုင်ဆိုင်မှုများကို ခြေရာခံ၍ သိမ်းဆည်းထိန်းချုပ်နိုင်ရေးဆောင်ရွက်ခြင်း၊

(ဈ) အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးလုပ်ငန်းများအတွက် လိုအပ်သော လူအင်အား၊ နည်းပညာနှင့် ဘဏ္ဍာငွေများကို စနစ်တကျခွဲဝေချထားခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(ည) အွန်လိုင်းလိမ်လည်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများနှင့် အွန်လိုင်းလိမ်လည်မှုကျူးလွန်ရာမှ ရရှိလာသည့် အကျိုးအမြတ်များကို ချိပ်ပိတ်သိမ်းဆည်းရန် ဒေသဆိုင်ရာကော်မတီများသို့ ညွှန်ကြားခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဋ) အွန်လိုင်းလိမ်လည်ခံရသူများ၏ တိုင်ကြားချက်များကို လက်ခံ၍ သက်ဆိုင်ရာဌာနများမှ တစ်ဆင့် အကူအညီများပေးနိုင်ရန် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်း (ဘဏ်လုပ်ငန်းရပ်ဆိုင်းခြင်း၊ စိတ်ပိုင်းဆိုင်ရာအထောက်အပံ့ပေးခြင်း)၊

(ဌ) ဆက်သွယ်ရေးအော်ပရေတာများ၊ အင်တာနက်ဝန်ဆောင်မှုပေးသူများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်မှုကျူးလွန်ရန် အသုံးပြုသော မိုဘိုင်းတယ်လီဖုန်းနံပါတ်များ၊ ဝက်ဘ်ဆိုက်များနှင့် အကောင့်များကို ပိတ်ဆို့တားဆီးခြင်း၊

(ဍ) အွန်လိုင်းလိမ်လည်မှုစင်တာများတွင် အဓမ္မခိုင်းစေခံရသော၊ ပိတ်မိနေသော နိုင်ငံသားများနှင့် နိုင်ငံခြားသားများကို ကယ်ဆယ်ရန် အစီအစဉ်များချမှတ်၍ ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဎ) ကယ်ဆယ်ရရှိသူများအား သက်ဆိုင်ရာနိုင်ငံများသို့ လုံခြုံစွာပြန်လည်ပို့ဆောင်နိုင်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများ၊ သံရုံးများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဏ) အွန်လိုင်းလိမ်လည်မှုပုံစံအမျိုးမျိုး၊ အန္တရာယ်များနှင့် ကာကွယ်နိုင်မည့် နည်းလမ်းများကို အများပြည်သူအား အသိပညာပေးခြင်း၊

(တ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သည့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

**အခန်း(၅)**

**ဒေသဆိုင်ရာကော်မတီများဖွဲ့စည်းခြင်း**

၇။ ဗဟိုကော်မတီသည်–

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည်–

(၁) ဝန်ကြီးချုပ် — ဥက္ကဋ္ဌ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့

(၂) လူမှုရေးရာဝန်ကြီး — အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့

(၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ် — အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့

(၄) အုပ်ချုပ်ရေးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၅) တိုင်းဦးစီးချုပ် — အဖွဲ့ဝင်
သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်

(၆) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မန်နေဂျာ — အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်
မြန်မာဆက်သွယ်ရေးလုပ်ငန်း

(၇) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(၈) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူး — အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(၉) လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး — အတွင်းရေးမှူး
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့

(၁၀) ရဲတပ်ဖွဲ့မှူး — တွဲဖက်အတွင်းရေးမှူး
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့

(ခ) ပြည်ထောင်စုနယ်မြေ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်–

(၁) ဥက္ကဋ္ဌ — ဥက္ကဋ္ဌ
နေပြည်တော်ကောင်စီ

(၂) အဖွဲ့ဝင်(၃) — အဖွဲ့ဝင်
နေပြည်တော်ကောင်စီ

(၃) အုပ်ချုပ်ရေးမှူး — အဖွဲ့ဝင်
နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၄) တိုင်းဦးစီးချုပ် — အဖွဲ့ဝင်
နေပြည်တော်တိုင်းစစ်ဌာနချုပ်

(၅) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန

(၆) ဒုတိယအထွေထွေမန်နေဂျာ — အဖွဲ့ဝင်
နေပြည်တော် မြန်မာဆက်သွယ်ရေးလုပ်ငန်း

(၇) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(၈) ပြည်ထောင်စုနယ်မြေဦးစီးမှူး — အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(၉) အဖွဲ့ဝင်(၁) — အတွင်းရေးမှူး
နေပြည်တော်ကောင်စီ

(၁၀) ရဲတပ်ဖွဲ့မှူး — တွဲဖက်အတွင်းရေးမှူး
နေပြည်တော်ရဲတပ်ဖွဲ့

(ဂ) ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)တို့ပါ ဒေသဆိုင်ရာကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၈။ ဒေသဆိုင်ရာကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) အွန်လိုင်းလိမ်လည်မှု အမြစ်ပြတ်သည်အထိ ဖော်ထုတ်တိုက်ဖျက်ခြင်း၊

(ခ) အွန်လိုင်းလိမ်လည်မှု ဖော်ထုတ်ဖမ်းဆီးရန် အထူးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဂ) အွန်လိုင်းလိမ်လည်မှု ကျူးလွန်ရာတွင် အသုံးပြုသည့် ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများနှင့် အွန်လိုင်းလိမ်လည်မှု ကျူးလွန်ရာမှရရှိလာသည့် အကျိုးအမြတ်များကို ချိပ်ပိတ်သိမ်းဆည်းခြင်း၊

(ဃ) အွန်လိုင်းလိမ်လည်မှု ပြုလုပ်သည့်နေရာများသို့ ရောက်ရှိနေသော နိုင်ငံခြားသားများကို စိစစ်ထိန်းသိမ်းခြင်း၊

(င) ပြစ်မှုကျူးလွန်သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူခြင်း၊

(စ) ဗဟိုကော်မတီက အခါအားလျော်စွာ ပေးအပ်သည့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ တာဝန်များကို ဆောင်ရွက်ခြင်း။

**အခန်း(၆)**

**အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဗဟိုဌာန ဖွဲ့စည်းခြင်းနှင့် ယင်း၏ လုပ်ငန်းတာဝန်များ**

၉။ ဗဟိုကော်မတီသည်–

(က) အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဗဟိုဌာနကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်–

(၁) တပ်ဖွဲ့မှူး — အဖွဲ့ခေါင်းဆောင်
မှုခင်းရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(၂) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(၃) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(၄) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

(၅) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန

(၆) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(၇) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(၈) ဌာနမှူး — အဖွဲ့ဝင်
ဆက်သွယ်ရေးနှင့် သတင်းနည်းပညာဌာန
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန

စာမျက်နှာ ၆ သို့ ☆

☆ စာမျက်နှာ ၅ မှ

(၉) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မှုခင်းဌာန၊ မှုခင်းနှင့်ဥပဒေရေးရာဌာနကြီး
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန

(၁၀) ဒုတိယတပ်ဖွဲ့မှူး — အဖွဲ့ဝင်
ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန

(၁၁) ဌာနမှူး — အဖွဲ့ဝင်
နည်းပညာဌာန၊ မှုခင်းရဲတပ်ဖွဲ့
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန

(ခ) ဗဟိုဌာနကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၀။ ဗဟိုဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရသူက ဖုန်းဆက်၍ သတင်းပို့နိုင်ရန် ၂၄ နာရီ အရေးပေါ် တယ်လီဖုန်းအမှတ်(Hotline) သတ်မှတ်ပေးခြင်း၊

(ခ) အများပြည်သူနှင့် တိုက်ရိုက်ထိတွေ့နိုင်ရန် အရေးပေါ်တယ်လီဖုန်းအမှတ်၊ မိုဘိုင်းအပလီကေးရှင်း (Mobile Application)၊ ဝက်ဘ်အပလီကေးရှင်း (Web Application) တို့ကို တည်ထောင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဂ) နစ်နာသူများထံမှ သတင်းပို့တိုင်ကြားချက်များကို စိစစ်အတည်ပြုခြင်း၊

(ဃ) အွန်လိုင်းလိမ်လည်မှုကျူးလွန်သူ၏ ငွေစာရင်းအမှတ် ဘဏ်အမည်၊ လွှဲပြောင်းသည့် ငွေကြေးပမာဏနှင့် လွှဲပြောင်းသည့်အချိန် စသည့်အချက်အလက်တို့ကို စာရင်းရေးသွင်းခြင်း၊

(င) ရရှိလာသော အချက်အလက်များကို ဘဏ်စနစ်အတွင်း အမြန်ဆုံးစစ်ဆေးခြင်း၊ အွန်လိုင်းလိမ်လည်မှုဖြစ်ကြောင်း စိစစ်တွေ့ရှိရပါက အရေးကြီးသောအမှု (Emergency Case) အဖြစ် သတ်မှတ်ခြင်း၊

(စ) အွန်လိုင်းလိမ်လည်မှုကျူးလွန်သူ၏ ဘဏ်ငွေစာရင်းအမှတ်ကို ၁၅ မိနစ်အတွင်း ယာယီပိတ်ပင် (Debit Freeze)ခြင်း၊

(ဆ) အွန်လိုင်းလိမ်လည်မှုကျူးလွန်ရာတွင် အသုံးပြုသော ကြားခံဘဏ်ငွေစာရင်းအမှတ် (Mule Account)များနှင့် ဆင်းကတ် (SIM Card) များကို ထိရောက်စွာ အရေးယူပိတ်ဆို့ခြင်း၊

(ဇ) အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရသူ၏ ဘဏ်ငွေစာရင်းအမှတ်တွင် ကျန်ရှိနေသော ငွေများကို ဆက်လက်မဆုံးရှုံးစေရန် ယင်း၏ အီလက်ထရောနစ်နည်းပညာသုံး ဘဏ်ငွေစာရင်းအမှတ် (Digital Banking Account) ယာယီပိတ်ပေးခြင်း၊

(ဈ) အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရသူ ဆုံးရှုံးသွားသော ငွေကြေးကို အမြန်ဆုံးပြန်လည်ရရှိနိုင်စေရန် ငွေကြေးစီးဆင်းမှုများကို ယာယီဆိုင်းငံ့ခွင့်နှင့် စစ်ဆေးခွင့်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို စနစ်တကျသတ်မှတ်ခြင်း၊

(ည) ငွေကြေးဆက်လက်စီးဆင်းသွားသည့် ဘဏ်ငွေစာရင်းအမှတ်များကို ခြေရာခံခြင်း၊

(ဋ) အခြေခံအချက်အလက်များကို နီးစပ်ရာရဲစခန်းသို့ပေးပို့၍ ပထမသတင်းပေးတိုင်ချက် ဖွင့်ရန် ဆက်သွယ်ပေးခြင်း၊

(ဌ) ယာယီဆိုင်းငံ့ထားသော အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရသူ၏ ဘဏ်ငွေစာရင်းအမှတ်ကို ပြန်လည်ဖွင့်လှစ်ပေးရန် သက်ဆိုင်ရာဘဏ်နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဍ) အွန်လိုင်းလိမ်လည်မှုကျူးလွန်သည့် မိုဘိုင်းဖုန်းနံပါတ်များ၊ ဝက်ဘ်ဆိုက်၊ လင့်များနှင့် ငွေကြေးလွှဲပြောင်းမှုပုံစံများကို နည်းပညာဖြင့် စောင့်ကြည့်ဖော်ထုတ်ခြင်း၊

(ဎ) သတင်းအချက်အလက်နှင့် အထောက်အထားများကို စိစစ်အတည်ပြု၍ အမှုတွင် သက်သေခံ အထောက်အထားအဖြစ် အသုံးပြုနိုင်ရန် ပေးပို့ခြင်း၊

(ဏ) နောက်ဆုံးပေါ် အွန်လိုင်းလိမ်လည်မှုပုံစံများကို အများပြည်သူသိရှိစေရန် သတိပေးချက်များ ထုတ်ပြန်ခြင်းနှင့် အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

(တ) အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရသူကို ဥပဒေဆိုင်ရာအကူအညီရရှိရေး ဆောင်ရွက်ပေးခြင်း၊ နှစ်သိမ့်ဆွေးနွေးမှုနှင့် ကူညီစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ထ) ဗဟိုကော်မတီက အခါအားလျော်စွာပေးအပ်သည့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး ဆိုင်ရာတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း(၇)
## တားဆီးကာကွယ်ခြင်း

၁၁။ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများတွင် နိုင်ငံသားစိစစ်ရေးကတ်ဖြင့် ဆက်သွယ်ရေး ကွန်ရက်မှတစ်ဆင့် မိုဘိုင်းငွေကြေးစာရင်းဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှု ပေးသူများသည်–

(က) မိုဘိုင်းငွေကြေးစာရင်းဖွင့်လှစ်သူကို ကောင်းစွာသိရှိခြင်း (Know Your Customer–KYC) ဆိုင်ရာလုပ်ငန်းစဉ်များနှင့် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း (Customer Due Diligence–CDD)ဆိုင်ရာ လုပ်ငန်းစဉ်များကို ပြည့်စုံစွာဆောင်ရွက်ပြီးနောက် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူ၏ ကိုယ်စားလှယ်မှတစ်ဆင့် မိုဘိုင်းငွေကြေးစာရင်း ဖွင့်လှစ်သူကို နိုင်ငံသားစိစစ်ရေးကတ်မူရင်းနှင့် တိုက်ဆိုင်စစ်ဆေးအတည်ပြုသည့်စနစ် ချမှတ်ဆောင်ရွက်ရမည်၊

(ခ) ပုဒ်မခွဲ (က)ပါ မိုဘိုင်းငွေကြေးစာရင်းဖွင့်လှစ်သူကို ကောင်းစွာသိရှိခြင်းဆိုင်ရာ လုပ်ငန်းစဉ်အရဖြစ်စေ၊ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်အရဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ်ကို စိစစ်ချက်အရဖြစ်စေ ပြည့်စုံမှုမရှိသော သို့မဟုတ် သံသယဖြစ်ဖွယ်ရှိသော အချက်အလက် စိစစ်တွေ့ရှိရပါက မိုဘိုင်းငွေကြေးစာရင်းအား ဖွင့်လှစ်ပေးခြင်းမပြုရ။

၁၂။ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများသည် သံသယဖြစ်ဖွယ်ငွေကြေးလွှဲပြောင်းမှုများ စိစစ်တွေ့ရှိပါက ဗဟိုဌာနသို့ သတ်မှတ်ချက်နှင့်အညီ သတင်းပို့ရမည်။

၁၃။ နယ်စပ်လုံခြုံရေးစခန်းများသည် ကုန်းလမ်းမှလည်းကောင်း၊ ရေလမ်းမှလည်းကောင်း နိုင်ငံခြားသားများ တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ထွက်မှုကို စစ်ဆေးတွေ့ရှိပါက ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့သို့ တင်ပြဆောင်ရွက်ရမည်။

၁၄။ ဗဟိုဌာနသည် အွန်လိုင်းလိမ်လည်မှုကို ကာကွယ်ရန်–

(က) ဆက်သွယ်ရေးကွန်ရက်မှတစ်ဆင့် ဘဏ်ငွေစာရင်းများ ရောင်းချခြင်း၊ ငွေကြေးချို့တဲ့သူများကို မြူဆွယ်၍ ဘဏ်ငွေစာရင်းများဖွင့်၍ ဝယ်ယူခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်အတုဖြင့် ဘဏ်ငွေစာရင်း သို့မဟုတ် မိုဘိုင်းပေး (Mobile Pay) စာရင်းများဖွင့်လှစ်ခြင်းတို့ မရှိစေရန် စိစစ်ကြပ်မတ်ရမည်၊

(ခ) ဆင်းကတ်များ အခြားသူထံမှဝယ်ယူပြီး ဆက်သွယ်ရေးကွန်ရက်တွင် နည်းပညာအသုံးပြု၍ ငွေကြေးလိမ်လည်ခြင်း၊ ရရှိသောငွေကြေးများကို ပြည်ပနိုင်ငံများသို့ အဆင့်ဆင့်လွှဲပြောင်းခြင်းများမရှိစေရန် စိစစ်ကြပ်မတ်ရမည်၊

(ဂ) လူမှုကွန်ရက်၊ ဝက်ဘ်ဆိုက်၊ မိုဘိုင်းအက်ပလီကေးရှင်းများ အသုံးပြု၍ ဆက်သွယ်ရေး ကွန်ရက်တွင် ငွေကြေးလိမ်လည်မှုပြုလုပ်သူကို စောင့်ကြည့်သတင်းရယူခြင်း၊ စုံစမ်းထောက်လှမ်းခြင်းနှင့် အသွင်ယူစုံစမ်းခြင်းတို့ကို ဆောင်ရွက်ရမည်၊

(ဃ) လူမှုကွန်ရက်တွင် သံသယဖြစ်ဖွယ်တွေ့ရှိရသော အကောင့်များအား စုံစမ်းထောက်လှမ်းနိုင်ရေးနှင့် ပိတ်သိမ်းနိုင်ရေးအတွက် နည်းပညာတိုးမြှင့်ဆောင်ရွက်ရမည်၊

(င) ပြစ်မှုကျူးလွန်သည်ဟု သံသယဖြစ်ဖွယ်ရှိသော ဝက်ဘ်ဆိုက်များအား ပိတ်သိမ်းနိုင်ရေးအတွက် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

## အခန်း(၈)
## သတင်းအချက်အလက်ဖလှယ်ခြင်း

၁၅။ အွန်လိုင်းလိမ်လည်မှုဆိုင်ရာပြစ်မှုများကို တားဆီးနှိမ်နင်းရန်အလို့ငှာ အောက်ဖော်ပြပါ အဖွဲ့အစည်းများသည် သံသယဖြစ်ဖွယ်အကောင့်များ၊ ငွေကြေးစီးဆင်းမှုများနှင့် ဆက်သွယ်ရေးဆိုင်ရာ အချက်အလက်များကို ဗဟိုဒေတာစနစ် (Centralized Database) မှတစ်ဆင့် အပြန်အလှန်ဖလှယ်ရမည်–

(က) ဘဏ်နှင့် ငွေရေးကြေးရေးဆိုင်ရာအဖွဲ့အစည်းများ (Financial Institutions)၊

(ခ) အီလက်ထရောနစ်ငွေပေးချေမှု ဝန်ဆောင်မှုပေးသူများ (E-payment Service Providers)၊

(ဂ) ဆက်သွယ်ရေးအော်ပရေတာများနှင့် အင်တာနက်ဝန်ဆောင်မှုပေးသူများ။

၁၆။ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများသည်–

(က) မိမိတို့၏ စနစ်အတွင်း သံသယဖြစ်ဖွယ် ငွေကြေးလွှဲပြောင်းမှု သို့မဟုတ် အွန်လိုင်းလိမ်လည်မှုနှင့် ဆက်နွှယ်သည်ဟု သံသယဖြစ်ဖွယ် လုပ်ဆောင်ချက်များကို စိစစ်တွေ့ရှိပါက ဗဟိုဌာနသို့ ချက်ချင်းသတင်းပို့ရမည်၊

(ခ) သံသယဖြစ်ဖွယ် ငွေစာရင်းအမှတ် သို့မဟုတ် ငွေကြေးလွှဲပြောင်းမှုနှင့်စပ်လျဉ်း၍ အခြားဘဏ်တစ်ခုက စုံစမ်းမေးမြန်းလာလျှင် အချက်အလက်များကို ချက်ချင်းမျှဝေရမည်။

၁၇။ ဆက်သွယ်ရေး အော်ပရေတာသည်–

(က) ဆင်းကတ်မှတ်ပုံတင်ထားသူ၏ အချက်အလက်များ၊ အသုံးပြုသည့် တည်နေရာနှင့် ခေါ်ဆိုမှု မှတ်တမ်း (Call Details Record–CDR) များကို စနစ်တကျ ထိန်းသိမ်းထားရမည်၊

(ခ) ပုဒ်မခွဲ(က)ပါ အချက်အလက်များကို ဗဟိုဌာနမှ တောင်းခံလာပါက ချက်ချင်းပေးပို့ရမည်။

၁၈။ ဘဏ်နှင့် ငွေရေးကြေးရေးဆိုင်ရာအဖွဲ့အစည်းများ၊ အီလက်ထရောနစ်ငွေပေးချေမှု ဝန်ဆောင်မှု ပေးသူများ၊ ဆက်သွယ်ရေးအော်ပရေတာများနှင့် အင်တာနက်ဝန်ဆောင်မှုပေးသူများသည် ဖလှယ်သော သတင်းအချက်အလက်များကို အွန်လိုင်းလိမ်လည်မှု မှုခင်းများတားဆီးနှိမ်နင်းရေးအတွက်သာ အသုံးပြု ရမည်ဖြစ်ပြီး ကိုယ်ရေးအချက်အလက် ကာကွယ်မှုဆိုင်ရာ စံနှုန်းများနှင့်အညီ လုံခြုံစွာ ထိန်းသိမ်းရမည်။

## အခန်း(၉)
## ငွေကြေးစီးဆင်းမှုကို ယာယီဆိုင်းငံ့ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း

၁၉။ အွန်လိုင်းလိမ်လည်မှု ကျူးလွန်ခံရသူသည် မိမိ၏ငွေကြေးလွှဲပြောင်းမှုကို သိရှိပြီးနောက် သက်ဆိုင်ရာ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းသို့ အမြန်ဆုံးအကြောင်းကြား၍ ငွေလွှဲပြောင်းမှုကို ယာယီဆိုင်းငံ့ရန် တောင်းဆိုနိုင်သည်။

၂၀။ ပုဒ်မ ၁၉ အရ အကြောင်းကြားချက်ကို လက်ခံရရှိသည့် ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းသည် အကြောင်းကြားချက်ကို ရရှိသည်နှင့်တစ်ပြိုင်နက် သံသယဖြစ်ဖွယ် ငွေစာရင်းအမှတ်ကို ၇၂ နာရီ ထက် မပိုသောကာလအထိ ယာယီဆိုင်းငံ့ခြင်း(Temporary Suspension)ကို ချက်ချင်းဆောင်ရွက်ရမည်။

၂၁။ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများသည်–

(က) ဤဥပဒေအရ အွန်လိုင်းလိမ်လည်မှုဆိုင်ရာ ပြစ်မှုနှင့်စပ်လျဉ်း၍ ဗဟိုဌာန သို့မဟုတ် အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်း၏ အကြောင်းကြားချက်ရရှိပါက ငွေကြေးလွှဲပြောင်းမှု ဆိုင်းငံ့ခြင်းကို ချက်ချင်းဆောင်ရွက်ရမည်။

(ခ) ငွေကြေးလွှဲပြောင်းမှု ဆိုင်းငံ့ရန် ပျက်ကွက်ခြင်း၊ ကြန့်ကြာခြင်းတို့ကြောင့် အွန်လိုင်းလိမ်လည်မှု ကျူးလွန်ခံရသူ၏ ဘဏ်ငွေစာရင်းအမှတ်ရှိ ငွေကြေးများ လွှဲပြောင်းမှုမဖြစ်ပေါ်စေရန် ဆောင်ရွက်ရမည်။

၂၂။ အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရသူသည် ပုဒ်မ ၁၉ အရ ဘဏ်သို့ အကြောင်းကြားပြီး ၂၄ နာရီအတွင်း ဗဟိုဌာနသို့ ကိုယ်တိုင်ဖြစ်စေ၊ အွန်လိုင်းတိုင်ကြားမှုစနစ် (Online Complaint Portal)မှတစ်ဆင့် ဖြစ်စေ ဖြစ်စဉ်အချက်အလက်များကို အသေးစိတ်တင်ပြတိုင်ကြားနိုင်သည်။

၂၃။ ဗဟိုဌာနသည်–

(က) တိုင်ကြားချက်ကိုစိစစ်၍ မှန်ကန်ပါက အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရသူအား သက်ဆိုင်ရာ ရဲစခန်း၌ ပထမသတင်းပေးတိုင်ချက် (First Information Report– FIR) ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်ပေးရမည်၊

(ခ) ငွေကြေးစီးဆင်းမှုကို ခြေရာခံနိုင်ရန် တိုင်တန်းမှုမှတ်တမ်း (Case Identifier– Case ID) ကို ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများသို့ ပေးပို့အကြောင်းကြားရမည်။

(ဂ) အွန်လိုင်းလိမ်လည်မှု ကျူးလွန်ခံရ၍ တိုင်ကြားလာသည့် သတင်းအချက်အလက်များအနက် ဝက်ဘ်ဆိုက်၊ လူမှုကွန်ရက်၊ ဘဏ်ငွေစာရင်းအမှတ်၊ မိုဘိုင်းငွေပေးချေမှုစာရင်းအမှတ် (Mobile Payment Account)များ၊ တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ခြင်း၊ စုံစမ်းဖော်ထုတ်ခြင်းများဆောင်ရွက်၍ ထပ်မံကျူးလွန်မှုမရှိစေရေး ပိတ်သိမ်းဆောင်ရွက်ရမည်၊

(ဃ) အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရသူ ဆုံးရှုံးသွားသည့် ငွေကြေးများ၏ စီးဆင်းရာလမ်းကြောင်း အဆင့်ဆင့်ကို စုံစမ်းဖော်ထုတ်ခြင်း၊ အချိန်မီ ပိတ်သိမ်းခြင်းများ ဆောင်ရွက်ရမည်၊

စာမျက်နှာ ၇ သို့ ☆

☆ စာမျက်နှာ ၆ မှ

( င ) အာဆီယံရဲအဖွဲ့၊ အပြည်ပြည်ဆိုင်ရာရဲအဖွဲ့တို့နှင့် တိုက်ရိုက်ချိတ်ဆက်၍ သတင်းအချက်အလက်ဖလှယ်ခြင်း၊ နယ်စပ်ဖြတ်ကျော် ငွေကြေးစီးဆင်းမှုကို ပိတ်ပင်တားဆီးနိုင်ရန် ဗဟိုကော်မတီသို့ တင်ပြခြင်းတို့ ဆောင်ရွက်ရမည်၊

( စ ) ပြည်ပဘဏ်များတွင် ရောက်ရှိနေသော အွန်လိုင်းလိမ်လည်ရရှိငွေများကို ပြန်လည်သိမ်းဆည်းနိုင်ရေးအတွက် ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး ဥပဒေနှင့်အညီ သက်ဆိုင်ရာနိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်ရမည်။

၂၄။ အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရ၍ တိုင်ကြားလာပါက သက်ဆိုင်ရာ ရဲစခန်းသည်-

(က) ဗဟိုဌာနက ပေးပို့သည့် အချက်အလက်များ ရရှိသည်နှင့်တစ်ပြိုင်နက် ပထမသတင်းပေးတိုင်တန်းချက် ရေးဖွင့်နိုင်ရေး ချက်ချင်းဆောင်ရွက်ရမည်။

( ခ ) ပထမသတင်းပေးတိုင်တန်းချက် ရေးဖွင့်ပြီးပါက မိတ္တူကို နှစ်နာရီအတွင်း ဗဟိုဌာနသို့ပေးပို့ တင်ပြရမည်။

( ဂ ) အမှုနှင့်စပ်လျဉ်း၍ ထပ်မံလိုအပ်သည့် သတင်းအချက်အလက်များကို ဗဟိုဌာနသို့ တင်ပြတောင်းခံရမည်။

(ဃ) ဗဟိုဌာနက စစ်ဆေးအတည်ပြုပြီးသည့် သတင်းအချက်အလက်များနှင့် အထောက်အထားများကို ကျွမ်းကျင်သူ၏ ထင်မြင်ချက်အဖြစ် သက်ဆိုင်ရာတရားရုံးသို့ တင်ပြရမည်။

၂၅။ ပုဒ်မ ၂၀ အရ ယာယီဆိုင်းငံ့ထားသည့် ကာလအတွင်း အွန်လိုင်းလိမ်လည်မှု ကျူးလွန်ခံရသူက ပထမသတင်းပေးတိုင်တန်းခြင်းမပြုလျှင် သက်ဆိုင်ရာဘဏ်သည် ယာယီဆိုင်းငံ့ထားသော ဘဏ်ငွေစာရင်းအမှတ်ကို ပြန်လည်ဖွင့်လှစ်ပေးရမည်။

၂၆။ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းသည် မိမိတို့၏စနစ်အတွင်း ပုံမှန်မဟုတ်သော ငွေကြေးစီးဆင်းမှု သို့မဟုတ် အွန်လိုင်းလိမ်လည်မှုဟု သံသယဖြစ်ဖွယ်ရှိသော ငွေကြေးလွှဲပြောင်းမှုများကို စိစစ်တွေ့ရှိပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရသူ၏ တိုင်ကြားချက်ကို စောင့်ဆိုင်းရန်မလိုဘဲ အဆိုပါ ဘဏ်ငွေစာရင်းအမှတ်ကို ယာယီဆိုင်းငံ့ရမည်။

၂၇။ ပုဒ်မ ၂၆ အရ ယာယီဆိုင်းငံ့မှု ဆောင်ရွက်ပါက ဗဟိုဌာနသို့ ချက်ချင်းသတင်းပို့ရမည်။

၂၈။ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်း၏ သတင်းပို့ချက်ကိုလက်ခံရရှိပါက ဗဟိုဌာနသည် အမှုဖြစ်စဉ်ကို စိစစ်ပြီး လိုအပ်ပါက အဆိုပါ ဘဏ်ငွေစာရင်းအမှတ်ကို ဆက်လက်ဆိုင်းငံ့ထားရန် သို့မဟုတ် ဘဏ်ငွေစာရင်းအမှတ်နှင့်သက်ဆိုင်သော မှတ်တမ်းမှတ်ရာများကို သိမ်းဆည်းရရှိနိုင်ရန် ဗဟိုဘဏ်နှင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသို့ ညှိနှိုင်းအကြောင်းကြားရမည်။

## အခန်း(၁၀)
## နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

၂၉။ ဗဟိုဌာနသည် အွန်လိုင်းလိမ်လည်မှုဆိုင်ရာ ပြစ်မှုများနှင့်စပ်လျဉ်း၍ ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် ပြည်ပနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာရဲအဖွဲ့၊ အာဆီယံရဲအဖွဲ့တို့နှင့်ပူးပေါင်း၍ အောက်ပါကိစ္စရပ်များကို ဆောင်ရွက်နိုင်သည်-

(က) နယ်စပ်ဖြတ်ကျော်အွန်လိုင်းလိမ်လည်မှုကို စုံစမ်းစစ်ဆေးရန် သတင်းအချက်အလက်များ ဖလှယ်ခြင်း၊

( ခ ) ပြစ်မှုကျူးလွန်သူများကို လွှဲပြောင်းပေးခြင်း(Extradition)နှင့် ပူးတွဲစုံစမ်း စစ်ဆေးခြင်း၊

( ဂ ) အွန်လိုင်းလိမ်လည်မှုစင်တာများတွင် အဓမ္မခိုင်းစေခြင်းခံရသော နိုင်ငံခြားသားများကို ကယ်ဆယ်ရန်နှင့် ၎င်းတို့၏နိုင်ငံသို့ ပြန်လည်ပို့ဆောင်ရန် နိုင်ငံတော်အတွင်း တရားမဝင်ဝင်ရောက်မှုကြောင့် ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများအား ဥပဒေနှင့်အညီ အမြန်ဆုံး အရေးယူပြီး ပြည်နှင်လွှဲပြောင်းမှုကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(ဃ) အွန်လိုင်းလိမ်လည်မှုဆိုင်ရာ နည်းပညာများ၊ စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ခြင်း။

၃၀။ ဗဟိုဌာနသည် အွန်လိုင်းလိမ်လည်မှု စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် သက်သေခံချက်အထောက်အထားများ စုဆောင်းခြင်းတို့နှင့်စပ်လျဉ်း၍ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

## အခန်း(၁၁)
## တားမြစ်ချက်များ

၃၁။ မည်သူမျှ အွန်လိုင်းလိမ်လည်မှုကို ကျူးလွန်ရန်အလို့ငှာ ဆက်သွယ်ရေးကွန်ရက်မှတစ်ဆင့် မမှန်ကန်သော အချက်အလက်များကို သူတစ်ဦးထံ ဖြန့်ဝေခြင်း သို့မဟုတ် ပေးပို့ခြင်း မပြုရ။

၃၂။ မည်သူမျှ သူတစ်ဦး၏ ကိုယ်ရေးအချက်အလက်၊ ပုံရိပ်၊ ဓာတ်ပုံ သို့မဟုတ် အကောင့်များကို ရယူ၍ ထိုသူအဖြစ် အယောင်ဆောင်ကာ ငွေကြေး သို့မဟုတ် ပစ္စည်းကို တောင်းခံရယူခြင်းမပြုရ။

၃၃။ မည်သူမျှ ဘဏ်၊ ဆက်သွယ်ရေးအော်ပရေတာ သို့မဟုတ် ပြည်သူ့ဝန်ထမ်းအယောင်ဆောင်၍ သူတစ်ဦး၏ ဘဏ်ငွေစာရင်းအမှတ်၊ မိုလ်ဘိုင်းဝေါလက် သို့မဟုတ် တစ်ကြိမ်သုံး လျှို့ဝှက်နံပါတ် (One Time Password-OTP)ကို အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးနည်းပညာ အသုံးပြု၍ လိမ်လည်လှည့်ဖြားရယူခြင်း သို့မဟုတ် ခိုးယူခြင်း မပြုရ။

၃၄။ မည်သူမျှ အွန်လိုင်းလိမ်လည်မှု ကျူးလွန်နိုင်ရန်အလို့ငှာ မှန်ကန်မှုမရှိသော အချက်အလက်ဖြင့် ဆင်းကတ်မှတ်ပုံတင်ခြင်း၊ အဆိုပါဆင်းကတ်ကို အသုံးပြု၍ ဘဏ်ငွေစာရင်းအမှတ်ရရှိရေး ဆောင်ရွက်ခြင်း သို့မဟုတ် ပိုင်ရှင်အမည်နှင့် အချက်အလက် မှန်ကန်မှုမရှိသော ဘဏ်ငွေစာရင်းအမှတ်များကို ရောင်းဝယ်ခြင်း မပြုရ။

၃၅။ မည်သူမဆို အွန်လိုင်းလိမ်လည်မှုကျူးလွန်ရာမှ ရရှိသော ငွေကြေးဖြစ်ကြောင်း သိလျက်နှင့်သော်လည်းကောင်း၊ ယုံကြည်ရန်အကြောင်းရှိလျက်နှင့်သော်လည်းကောင်း မိမိ၏ ဘဏ်ငွေစာရင်းအမှတ်မှတစ်ဆင့် လွှဲပြောင်းပေးခြင်း သို့မဟုတ် သိမ်းဆည်းပေးခြင်း သို့မဟုတ် ငွေကြေးခဝါချပေးခြင်း မပြုရ။

၃၆။ မည်သူမျှ အွန်လိုင်းလိမ်လည်မှုတွင် အသုံးပြုမည့် ဆော့ဝဲလ်၊ မောဝဲလ် သို့မဟုတ် လင့်များကို ဖန်တီးခြင်း၊ ဖြန့်ဝေခြင်း သို့မဟုတ် ရောင်းချခြင်း မပြုရ။

၃၇။ ဆက်သွယ်ရေးအော်ပရေတာများနှင့် အင်တာနက်ဝန်ဆောင်မှုပေးသူ မည်သူမျှ အွန်လိုင်းလိမ်လည်မှု ဝက်ဘ်ဆိုက်ဖြစ်ကြောင်း သိလျက်နှင့်ဖြစ်စေ ယုံကြည်ရန် အကြောင်းရှိလျက်နှင့်ဖြစ်စေ ထိုဝက်ဘ်ဆိုက်ကို ဖယ်ရှားရန် ပျက်ကွက်ခြင်း မရှိစေရ။

၃၈။ ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းမှ တာဝန်ရှိသူ မည်သူမျှ သံသယဖြစ်ဖွယ် ငွေကြေးလွှဲပြောင်းမှုကို စစ်ဆေးရန် ပျက်ကွက်ခြင်း သို့မဟုတ် ဗဟိုဌာနသို့ သတင်းပို့ရန် ပျက်ကွက်ခြင်း မရှိစေရ။

၃၉။ မည်သူမျှ မိမိအမည်ဖြင့် မှတ်ပုံတင်ထားသော ဆင်းကတ်ကို အွန်လိုင်းလိမ်လည်မှုကျူးလွန်ရန် အလို့ငှာ သူတစ်ဦးအား အသုံးပြုခွင့်ပေးခြင်း၊ ရောင်းချခြင်း သို့မဟုတ် ငှားရမ်းခြင်းမပြုရ။

၄၀။ (က) ဆက်သွယ်ရေးအော်ပရေတာ တာဝန်ရှိသူမည်သူမျှ-

( ၁ ) မှတ်ပုံတင်ထားခြင်းမရှိသော သို့မဟုတ် အချက်အလက် မပြည့်စုံသော ဆင်းကတ်များကို ဝန်ဆောင်မှုပေးခြင်းမပြုရ၊

( ၂ ) အွန်လိုင်းလိမ်လည်မှုတွင် အသုံးပြုနေသည်ဟု ယူဆရသော ဆင်းကတ်များ သို့မဟုတ် တစ်ရက်လျှင် ပုံမှန်မဟုတ်သော ဖုန်းခေါ်ဆိုမှုအကြိမ်ရေ အလွန်အမင်းများပြားသော ဆင်းကတ်များကို အသုံးပြုခွင့်မပြုရ၊

( ၃ ) အွန်လိုင်းလိမ်လည်မှုနှင့်စပ်လျဉ်း၍ တရားဝင်အချက်အလက် တောင်းခံခြင်း သို့မဟုတ် သံသယဖြစ်ဖွယ် ဆင်းကတ်များအား ပိတ်သိမ်းရန် ညွှန်ကြားမှုကို အကြောင်းပြချက်မရှိဘဲ ငြင်းဆန်ခြင်း သို့မဟုတ် ကြန့်ကြာအောင် ပြုလုပ်ခြင်းမပြုရ၊

( ခ ) ဆက်သွယ်ရေး အော်ပရေတာ၏ မည်သည့် ဝန်ထမ်းမျှ အွန်လိုင်းလိမ်လည်မှု ကျူးလွန်နိုင်သည်ဟု သိလျက်နှင့်ဖြစ်စေ၊ ယုံကြည်ရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ ဆင်းကတ်မှတ်ပုံတင်ထားသူ၏ အချက်အလက်များကို မရိုးမဖြောင့်သော သဘောဖြင့် အခြားသူထံ လွှဲပြောင်းပေးအပ်ခြင်းမပြုရ။

၄၁။ မည်သူမျှ အွန်လိုင်းလိမ်လည်မှု ကျူးလွန်ကြောင်း သိလျက်နှင့်ဖြစ်စေ၊ ယုံကြည်ရန် အကြောင်းရှိလျက်နှင့်ဖြစ်စေ ငွေထုတ်ယူခွင့်ပြုခြင်း သို့မဟုတ် သက်သေခံပစ္စည်းများကို ဖျက်ဆီးခြင်း၊ ဖျောက်ဖျက်ခြင်း သို့မဟုတ် တစ်ဆင့် လွှဲပြောင်းပေးပို့ခြင်း မပြုရ။

၄၂။ မည်သူမျှ အခြားသူတစ်ဦးက အွန်လိုင်းလိမ်လည်မှု ကျူးလွန်ရာတွင် အသုံးပြုမည်ကို သိလျက်နှင့်ဖြစ်စေ၊ ယုံကြည်ရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ မိမိ၏ ဘဏ်ငွေစာရင်း သို့မဟုတ် မိုလ်ဘိုင်းဝေါလက်ကို ရောင်းချခြင်း သို့မဟုတ် ငှားရမ်းခြင်းမပြုရ။

၄၃။ အင်တာနက်ဝန်ဆောင်မှုပေးသူ၊ ဘဏ်၊ ငွေရေးကြေးရေး အဖွဲ့အစည်း သို့မဟုတ် ဆက်သွယ်ရေး အော်ပရေတာ၏ တာဝန်ရှိသူ မည်သူမျှ ဝန်ဆောင်မှုရယူသူ တစ်ဦးဦး၏ ကိုယ်ရေးအချက်အလက်များကို အွန်လိုင်းလိမ်လည်မှု ကျူးလွန်သူထံ ရောင်းချခြင်း သို့မဟုတ် လွှဲပြောင်းပေးပို့ခြင်း မပြုရ။

၄၄။ မည်သူမျှ အွန်လိုင်းလိမ်လည်မှုစင်တာ ဖွင့်လှစ်ခြင်း မပြုလုပ်ရ။

၄၅။ မည်သူမျှ ဒီဂျစ်တယ်ငွေကြေးလိမ်လည်မှု (Crypto Scam)ကို ကျူးလွန်ခြင်း မပြုရ။

၄၆။ မည်သူမျှ အွန်လိုင်းလိမ်လည်မှုကျူးလွန်ရန်အလို့ငှာ လူစုဆောင်းခြင်း သို့မဟုတ် ဦးစီးဆောင်ရွက်ခြင်း မပြုရ။

၄၇။ မည်သူမျှ အွန်လိုင်းလိမ်လည်မှု ကျူးလွန်ရန်အလို့ငှာ သူတစ်ဦးကို အကြမ်းဖက်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ မတရားဖမ်းဆီးချုပ်နှောင်ခြင်း၊ ရက်စက်ကြမ်းကြုတ်စွာ ပြုမူဆက်ဆံခြင်း မပြုရ။

၄၈။ မည်သူမျှ-

(က) အွန်လိုင်းလိမ်လည်မှု ကျူးလွန်ရန်အလို့ငှာ သူတစ်ဦးအား မတရားသွေးဆောင် စည်းရုံးခေါ်ဆောင်ခြင်း၊ လုပ်အားခေါင်းပုံဖြတ်ခြင်းနှင့် ထိုသူ၏ ဆန္ဒမပါဘဲ အတင်းအဓမ္မခိုင်းစေခြင်း မပြုရ။

( ခ ) လူကုန်ကူးမှု ပါဝင်ပတ်သက်မှုရှိသော အွန်လိုင်းလိမ်လည်မှု ကျူးလွန်ခြင်း မပြုရ။

၄၉။ မည်သူမျှ သူတစ်ဦးအား ထိခိုက်နစ်နာစေရန် မဟုတ်မမှန် သတင်းပေးတိုင်ကြား၍ အခြားသူ၏ ဘဏ်ငွေစာရင်းအမှတ်အား ဆိုင်းငံ့စေခြင်း မပြုရ။

၅၀။ မည်သူမျှ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားထုတ်ခြင်း၊ အားပေးကူညီခြင်း သို့မဟုတ် ပူးပေါင်းကြံစည်ခြင်း မပြုရ။

## အခန်း(၁၂)
## ပြစ်ဒဏ်များ

၅၁။ မည်သူမဆို ပုဒ်မ ၃၁၊ ပုဒ်မ ၃၄၊ ပုဒ်မ ၃၅ သို့မဟုတ် ပုဒ်မ ၄၉ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် အနည်းဆုံး ကျပ်သိန်း တစ်ရာမှ အများဆုံး ကျပ်သိန်း ငါးရာထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၅၂။ မည်သူမဆို ပုဒ်မ ၃၂၊ ပုဒ်မ ၃၃၊ ပုဒ်မ ၃၆၊ ပုဒ်မ ၃၇၊ ပုဒ်မ ၃၈၊ ပုဒ်မ ၃၉၊ ပုဒ်မ ၄၀၊ ပုဒ်မ ၄၁၊ ပုဒ်မ ၄၂ သို့မဟုတ် ပုဒ်မ ၄၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံး ခုနစ်နှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် အနည်းဆုံး ကျပ်သိန်း ငါးရာမှ အများဆုံး ကျပ်သိန်း တစ်ထောင်ထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၅၃။ မည်သူမဆို ပုဒ်မ ၄၄၊ ပုဒ်မ ၄၅၊ ပုဒ်မ ၄၆ သို့မဟုတ် ပုဒ်မ ၄၈ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် တစ်ဆယ်နှစ်မှ အများဆုံး ထောင်ဒဏ် တစ်သက်ထိ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၅၄။ မည်သူမဆို ပုဒ်မ ၄၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် တစ်ဆယ်နှစ်မှ အများဆုံး ထောင်ဒဏ် တစ်သက်ထိဖြစ်စေ၊ သေဒဏ်ဖြစ်စေ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။ အကယ်၍ အဆိုပါ ပြစ်မှုကျူးလွန်ရာတွင် တစ်ဦးတစ်ယောက်ကို သေဆုံးစေခဲ့သော် သေဒဏ်ချမှတ်ရမည်။

၅၅။ မည်သူမဆို ပုဒ်မ ၅၀ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သက်ဆိုင်ရာပြစ်မှုအတွက် ပြဋ္ဌာန်းထားသော ပြစ်ဒဏ်ချမှတ်ရမည်။

၅၆။ တရားရုံးသည် ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်သည့်အခါ အောက်ပါအမိန့်တစ်ရပ်ရပ် ချမှတ်ရမည်-

(က) ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် သက်သေခံပစ္စည်းများကို ဖျက်ဆီးခြင်း၊

( ခ ) ပြစ်မှုနှင့်သက်ဆိုင်သည့် ပစ္စည်းတစ်ရပ်ရပ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း၊ ဖျက်ဆီးခြင်း၊ ရပိုင်ခွင့်ရှိသူထံ ပြန်လည်ပေးအပ်ခြင်း သို့မဟုတ် အခြားနည်းဖြင့် စီမံခန့်ခွဲခြင်း၊

( ဂ ) ပြစ်မှုကျူးလွန်ရာမှရရှိသော ငွေကြေး သို့မဟုတ် ပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း၊ ရထိုက်ခွင့်ရှိသူထံ ပြန်လည်ပေးအပ်ခြင်း သို့မဟုတ် သတ်မှတ်ချက်နှင့်အညီ စီမံခန့်ခွဲခြင်း။

စာမျက်နှာ ၈ သို့ ☆

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ကျောက်ဖြူမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**စစ်တွေ မေ ၁၃**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦး၊ ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာစန်းရွှေ၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများသည် မေ ၁၀ ရက်နံနက်ပိုင်းက ကျောက်ဖြူမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ မြို့မအားကစားကွင်း အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရန်နှင့် သာသနာ့ဗိမာန်ပြုပြင်ပြီးစီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နယ်မြေခံရဲတပ်ဖွဲ့ခွဲသို့ သွားရောက်၍ တပ်ဖွဲ့ဝင်များနှင့်မိသားစုများအား စားသောက်ဖွယ်ရာများပေးအပ်ချီးမြှင့်ကာ ရဲတပ်ဖွဲ့ခွဲအတွင်း မြေထိန်းနံရံတည်ဆောက်နေမှု၊ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ သိုင်းချောင်းလမ်းဆုံမှ သစ်ပုတ်တောင်ကျေးရွာအထိ လမ်းတံတားများ ကြံ့ခိုင်ကောင်းမွန်ရေး ဆောင်ရွက်မည့်အစီအမံများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကုန်းတွင်းသဘာဝဓာတ်ငွေ့စခန်း (Onshore Gas Terminal – OGT )အတွင်း လုပ်ငန်းဆောင်ရွက်နေမှု၊ (၃)နှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများအား ကာကွယ်ဆေးထိုးနှံတိုက်ကျွေးပေးနေမှု၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း သိပ္ပံခန်း၊ KWS ဇီဝဓိုးငှက်သိုက်ထုတ်လုပ်ရေး၊ သဘာဝငှက်များမွေးမြူထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။



ဆက်လက်၍ ဂုံးချိန်ကျေးရွာအနီး ကုန်းတွင်းသဘာဝဓာတ်ငွေ့လက်ခံရေးစခန်း (Internal Gas Station – IGS) သို့ သွားရောက်၍ သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကာ လုပ်ငန်းခွင်ကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း (ပြန်/ဆက်)**

# ကျုံဒိုးမြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်

**ကော့ကရိတ် မေ ၁၃**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့နေပြည်သူများအား ရက် ၁၀၀ စီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းလုပ်ငန်းများကို မေ ၁၂ရက်က အထက(ကျုံဒိုး)၌ မြေပြင်ကွင်းဆင်းဆောင်ရွက်သည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကော့ကရိတ်မြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက ကျုံဒိုးမြို့နေပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းထုတ်ပေးခြင်း၊ အသက်(၁၈)နှစ်ပြည့် ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်နေမှုကို ကရင်ပြည်နယ် မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့်တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး UID ကတ်များကို ပြည်သူများထံ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# မကွေးမြို့၌ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုသင်တန်း ဖွင့်လှစ်

**မကွေး မေ ၁၃**

မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ရက်(၁၀၀) စီမံချက်ဖြင့် ဖွင့်လှစ်သည့် တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံး သင်တန်းခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် တိုင်းဒေသကြီး ဦးစီးမှူး ဒေါ်စုစုခိုင်က သီးနှံအခြေခံ တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်နည်းများကို စနစ်တကျ လိုက်နာအသုံးပြု၍ တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းရှင်များဖြစ်လာသည်အထိ ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါ ပြည်တွင်းထွက် ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံသီးနှံအခြေခံ တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုသင်တန်းကို မေ ၁၃ ရက်မှ စတင်၍ စာတွေ့ ၃၀ ရာခိုင်နှုန်း၊ လက်တွေ့ ၇၀ ရာခိုင်နှုန်းဖြင့် သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်မင်း (ပြန်/ဆက်)**

# ကော့မှူးမြို့၌ စာဖတ်ဝိုင်းကျင်းပ

**ကော့မှူး မေ ၁၃**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ စာပေချစ်မြတ်နိုးသူများ၊ Book Club အသင်းအဖွဲ့ဝင်များနှင့် စာဖတ်ဝိုင်းကို ယမန်နေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ စာဖတ်ဝိုင်းတွင် တွံတေးခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦးက အမှာစကားပြောကြားပြီး ကော့မှူးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇာခြည်စိမ့်က စာဖတ်ဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် Book Club အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ယုဇနခိုင်၊ ဒေါ်နှင်းရွှေရည်ဝင်းနှင့် ဒေါ်ထက်ထက်ထွန်းတို့က စာရေးဆရာမခင်စောတင့်ရေးသားသည့် "စွန့်စားမှုဆီသို့ ခြေတစ်လှမ်းနှင့်အတွေးအမြင်စာစုများ" စာအုပ်ပါအကြောင်းအရာများကို အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။



**ကျော်သူရ (ကော့မှူး)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

စာမျက်နှာ ၇ မှ ☆

**အခန်း(၁၃)**

**အထွေထွေ**

၅၇။ ဤဥပဒေစတင်အာဏာတည်သည့်နေ့ရက်မှစ၍ ဗဟိုဘဏ်၊ ပုဂ္ဂလိကဘဏ်၊ ဆက်သွယ်ရေးအော်ပရေတာနှင့် အင်တာနက်ဝန်ဆောင်မှုပေးသူတို့သည်-

(က) ၎င်းတို့၏ စနစ်များကို ဗဟိုဌာန၏ ကွန်ရက်နှင့် ဒီဂျစ်တယ်စနစ်များအချက်အလက်ဖလှယ်မှုနည်းပညာ (Application Programming Interface–API) များမှတစ်ဆင့် ချိတ်ဆက်ရမည်။

( ခ ) အလိုအလျောက်စနစ် (Automatic Systems) များ တပ်ဆင်ခြင်း၊ လိုအပ်သော အခြေခံအဆောက်အအုံ တည်ဆောက်ခြင်းနှင့် ထိန်းသိမ်းခြင်းဆိုင်ရာ ကုန်ကျစရိတ်များကို တာဝန်ယူဆောင်ရွက်ရမည်။

၅၈။ သံသယဖြစ်ဖွယ် ငွေကြေးလွှဲပြောင်းမှုများ၊ ဆင်းကတ်အသုံးပြုမှုများနှင့် (Internet Protocol Address) များကို ဗဟိုဌာနက အချိန်နှင့်တစ်ပြေးညီ (Real–time) စောင့်ကြည့်စစ်ဆေးနိုင်သည့် စနစ်ဖြစ်စေရန် ဆောင်ရွက်ရမည်။

၅၉။ ဗဟိုဒေတာစနစ်တည်ဆောက်ခြင်း(Centralized Database)နှင့်စပ်လျဉ်း၍-

(က) တစ်နိုင်ငံလုံးတွင် ဖြစ်ပွားနေသော ကွန်ပျူတာနှင့် အင်တာနက်အသုံးပြု၍ ကျူးလွန်သောပြစ်မှု (Cyber Crime)ဖြစ်စဉ်များကို ချက်ချင်းသိရှိနိုင်မည့် ပေါင်းစပ်ညှိနှိုင်းထားသော သတင်းအချက်အလက်ပြ မျက်နှာပြင်(Unified Dashboard)တစ်ခု တည်ဆောက်နိုင်ရေး ဆောင်ရွက်ရမည်၊

( ခ ) အွန်လိုင်းလိမ်လည်သူများ၏ ဖုန်းနံပါတ်၊ အိုင်ပီလိပ်စာ (Internet Protocol Address)၊ ဘဏ်ငွေစာရင်းအမှတ်နှင့် အစိုးရဌာနသို့မဟုတ် အစိုးရအဖွဲ့အစည်းတစ်ခုခုမှ ထုတ်ပေးသည့် စာရွက်စာတမ်းအထောက်အထား (Identity Document–ID) နိုင်ငံတကာမိုဘိုင်းကိရိယာအမှတ်အသား (International Mobile Equipment Identity–IMEI)များကို စနစ်တကျစုစည်းထားပြီး အင်တာနက်ဝန်ဆောင်မှုပေးသူနှင့် ဘဏ်များသို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်သည့်စနစ် (Real–time Feed) တည်ဆောက်နိုင်ရေး ဆောင်ရွက်ရမည်။

၆၀။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ဘဏ်ငွေစာရင်းအမှတ်ကို ယာယီဆိုင်းငံ့ခြင်း ဆောင်ရွက်သော ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းမှ တာဝန်ရှိသူများကို ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေမည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခြင်း မပြုရ။

၆၁။ ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်အရ တရားစွဲဆိုရာတွင် ဗဟိုကော်မတီ သို့မဟုတ် ယင်းက တာဝန်လွှဲအပ်ပေးထားသော ဒေသဆိုင်ရာကော်မတီ၏ ကြိုတင်ခွင့်ပြုချက်ရယူရမည်။

၆၂။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေနှင့် သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်လျှင် ဤဥပဒေဖြင့်သာ အရေးယူရမည်။

၆၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ ) ဗဟိုကော်မတီနှင့် ဝန်ကြီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

# ဝါးခယ်မမြို့နယ်၌ တစ်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲကျင်းပ



**ပုသိမ် မေ ၁၃**

ဧရာဝတီ တိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ရေလိန်ကျေးရွာ၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ကြဲပက်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

**တွေ့ဆုံဆွေးနွေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်သည် တောင်သူများနှင့်တွေ့ဆုံ၍ စိုက်ပျိုးရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးပြီး သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) များ ကြဲပက်ပေးသည်။

**ဖွင့်လှစ်**

ထို့နောက် ဝါးခယ်မမြို့နယ် ကျွန်းကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် အလှူရှင်များက ဆောက်လုပ်လှူဒါန်းသည့် Steel Structure တစ်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲသို့ တက်ရောက်၍ အလှူရှင်မိသားစုနှင့်အတူ ကျောင်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ ကျောင်းဆောင်သစ်အား လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

■

# ကရင်ပြည်နယ်၌ ၂၀၂၆ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ တိုးမြှင့်ပေးအပ်

**ဘားအံ မေ ၁၃**

ပြည်ထောင်စုအစိုးရအဖွဲ့၏ ရက်(၁၀၀)စီမံချက်ဖြင့် ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေတိုးမြှင့်ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ဘားအံမြို့ ဖွဲကပင်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး တက်ရောက်အမှာစကား ပြောကြားသည်။




ထို့နောက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ပြည်နယ်မန်နေဂျာက ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေထုတ်ချေးရေးနှင့်ပတ်သက်၍ သိသင့်သိထိုက်သည်များနှင့် မြန်မာ့အာမခံလုပ်ငန်း ပြည်နယ်မန်နေဂျာက ရာသီဥတုအညွှန်းကိန်း သီးနှံအာမခံကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးပေးကြသည်။

ထို့ပြင် ပြည်နယ်ပြည်သူ့ဆေးရုံကြီး(ဘားအံ)ကို ခုတင်(၃၀၀)သို့ အဆင့်မြှင့်တင်ခဲ့သော အခြေအနေများ ရှင်းလင်းတင်ပြသည့် အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ပြည်နယ်ပြည်သူ့ဆေးရုံကြီး(ဘားအံ) ကျောက်ကပ်သွေးသန့်စင်ဌာန၌ ဆေးကုသမှု ခံယူနေသူများအား တွေ့ဆုံအားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# သာပေါင်းမြို့နယ်၌ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ စတင်ထုတ်ချေး

**သာပေါင်း မေ ၁၃**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်တွင် ၂၀၂၆ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ စတင်ထုတ်ချေးပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်ဘဏ်ခွဲရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းဇော်ထိုက်က အမှာစကားပြောကြားပြီး မြို့နယ်ဘဏ်ခွဲမန်နေဂျာ ဦးဇင်မင်းသိုက်က စိုက်ပျိုးစရိတ် ဘဏ်ချေးငွေများ ထုတ်ချေးခြင်း၊ ချေးငွေပြန်လည်ပေးဆပ်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သစ်ပုတ်ကုန်းကျေးရွာအုပ်စုရှိ တောင်သူ ၁၁၃ ဦးအား ချေးငွေ စတင်ထုတ်ချေးပေးလျက်ရှိပြီး သာပေါင်းမြို့နယ်မှ ကျေးရွာအုပ်စု ၅၈ အုပ်စုရှိ တောင်သူ ၅၉၈၃ ဦးတို့၏ ချေးငွေများကိုလည်း ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သာပေါင်း(ပြန်/ဆက်)**

# ညောင်ဦးမြို့နယ်၌ ဆီထွက်သီးနှံများ စတင်စိုက်ပျိုး



**ညောင်ဦး မေ ၁၃**

မန္တလေး တိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ မိုးစတင်ရွာသွန်းပြီဖြစ်သဖြင့် တောင်သူများ ဆီထွက်သီးနှံ မြေပဲနှင့်နှမ်းများကို စတင်စိုက်ပျိုးလျက်ရှိသည်။

ညောင်ဦးမြို့နယ်၌ မေ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် တောင်သူများ ထွန်ယက်စိုက်ပျိုးနိုင်သည်အထိ မိုးရွာသွန်းခဲ့သဖြင့် ဆီထွက်သီးနှံမျိုးကောင်းမျိုးသန့်များ စတင်စိုက်ပျိုးလျက်ရှိကြသည်။

**အဓိကထားစိုက်ပျိုး**

ညောင်ဦးမြို့နယ်၌ ယာမြေအများစုဖြစ်သည့်အတွက် မိုးရာသီ၌သာ ဆီထွက်သီးနှံများ အဓိကထားစိုက်ပျိုးကြပြီး မြေပဲကို ပင်ထောင်မြေပဲ (သုံးလ) ပဲနှင့် ပင်ပြန့်မြေပဲ (ခြောက်လ)ပဲ၊ နှစ်ကြိမ် စိုက်ပျိုးကြကြောင်း၊ ဆီထွက်နှမ်းကို မိုးနှမ်းနှင့် ဆောင်းနှမ်း နှစ်ကြိမ်ကြဲပက်စိုက်ပျိုးကြပြီး သီးထပ်၊ သီးညှပ်အဖြစ် ပဲစင်းငုံနှင့် ကွာစေ့ဖရဲများ စိုက်ပျိုးကြကြောင်း သိရသည်။

**ဒီပါလင်း**



# သီပေါမြို့နယ်၌ တောင်သူများအား မိုးရာသီစိုက်ပျိုးစရိတ်များ စတင်ထုတ်ချေး

**သီပေါ မေ ၁၃**

ရှမ်းပြည်နယ် ( မြောက်ပိုင်း ) သီပေါမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ယမန်နေ့နံနက် ၁၀ နာရီက မြို့နယ်အတွင်းရှိ တောင်သူများအား၂၀၂၆ ခုနှစ်မိုးရာသီစိုက်ပျိုးစရိတ်များ စတင်ထုတ်ချေးပေးလျက်ရှိသည်။

သီပေါမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ယမန်နေ့ နံနက်ပိုင်းတွင် စံဖိတ်ကျေးရွာအုပ်စုအတွင်းရှိတောင်သူ ၂၁ ဦး၏ စပါး ၆၂ ဧက၊ ပြောင်း ၁၂ ဧက စိုက်ပျိုးရန်အတွက် မိုးရာသီချေးငွေကျပ် ၂၁၆ သိန်းကို ထုတ်ချေးပေးနိုင်ခဲ့ကြောင်းနှင့် ကျန်ကျေးရွာအုပ်စုများမှ တောင်သူများကိုလည်း ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# သုံးခွမြို့နယ်၌ တောင်သူအသိပညာပေး ဆွေးနွေးပွဲ ပြုလုပ်

**ရန်ကုန် မေ ၁၃**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမြို့နယ် ဦးစီးမှူးရုံးတွင် ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူအသိပညာပေး ဆွေးနွေးပွဲကို မေ ၁၁ ရက် နံနက်ပိုင်းက ကျင်းပသည်။



ဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမျိုးသန်းက တောင်သူများ စပါးမျိုးကောင်းမျိုးသန့်များ အသုံးပြုနိုင်ရန်နှင့် ပန်းတိုင်အထွက်နှုန်း ရရှိစေရေးအတွက် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာသွင်းအားစုများကို အလွယ်တကူဝယ်ယူသုံးစွဲနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိုးစပါးနှင့် ဆောင်းသီးနှံများကို နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့် ရယူဆောင်ရွက်ပြီး သီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိအောင် ဆောင်ရွက်ရမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ကေသီမြတ်လှိုင်နှင့် မြို့နယ်ထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးစန္ဒာဝင်းတို့က တောင်သူများတွေ့ကြုံရသည့် အခက်အခဲများကို ပူးပေါင်းပါဝင်ဖြေရှင်းပေးနိုင်ရေး ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**စည်သူလင်း(ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၁၅)ရပ်ကွက် ကျန်စစ်သားလမ်း ရွှေလင်ဗန်းချောင်းရေတံခါး ရေစီးရေလာကောင်းမွန်ရေးနှင့် နေကြာလမ်း၊ သခင်မြလမ်းအတွင်း ရေစီးရေလာကောင်မွန်ရေး၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါများ မဖြစ်ပွားစေရေး၊အမှိုက်ကင်းစင်မှု၊သန့်ရှင်းသာယာလှပရေးတို့အတွက် မေ ၁၂ ရက် နံနက်ပိုင်းက ဆောင်ရွက်စဉ်။

မင်းထက်ပိုင် (လှိုင်သာယာ)

# ကြွက်မှတစ်ဆင့်ကူးစက်တတ်သည့် ဟန်းတာဗိုင်းရပ်စ် (Hantavirus)ရောဂါ

ဒေါက်တာသန်းနိုင်စိုး၊ ဒေါက်တာတိုးသီရိအောင်

အာဂျင်တီးနားနိုင်ငံ၊ အူဆွားရာ (Ushuaia) ဆိပ်ကမ်းမှ (၁-၄-၂၀၂၆)ရက်နေ့တွင် ထွက်ခွာခဲ့သည့် နယ်သာလန်နိုင်ငံ အလံလွှင့်ထူထားသော အမ်ဗွီ ဟွန်ဒီယက်ဇ် (MV Hondius) အပျော်စီးသင်္ဘောခရီးစဉ်တွင် လိုက်ပါလာသည့်ခရီးသည် အချို့၌ ဖျားနာခြင်း၊ အသက်ရှူရခက်ခဲခြင်းနှင့် အဆုတ်ရောင်လက္ခဏာများ ပေါ်ပေါက်ခံစားရလာခဲ့သည်ကိုတွေ့ရှိခဲ့ရကြောင်းနှင့် အဆိုပါရောဂါလက္ခဏာများသည် ဟန်းတာဗိုင်းရပ်စ် အဆုတ်ရောင်ရောဂါလက္ခဏာစု (Hantavirus Pulmonary Syndrome-HPS)နှင့် ဆင်တူသဖြင့် ဓာတ်ခွဲစစ်ဆေးကြည့်ရာ ဟန်းတာဗိုင်းရပ်စ်ပိုး ကူးစက်ခံထားရသည်ကို တွေ့ရှိရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်များအရ သိရှိရပါသည်။ အဆိုပါသင်္ဘောပေါ်တွင် (၈-၅-၂၀၂၆) ရက်နေ့အထိ ဟန်းတာဗိုင်းရပ်စ်ရောဂါ ကူးစက်ဖြစ်ပွားသူ ရှစ်ဦးရှိခဲ့ပြီး ၎င်းတို့အနက် အသက်(၇၀)အရွယ် ဒတ်ချ်လူမျိုး အမျိုးသားတစ်ဦး၊ ၎င်း၏ဇနီးနှင့် ဂျာမန်လူမျိုး အမျိုးသမီးတစ်ဦး စုစုပေါင်းသုံးဦးသည် ရောဂါကြောင့်သေဆုံးခဲ့ကြောင်း သိရှိရပါသည်။

ဟန်းတာဗိုင်းရပ်စ်ပိုးသည် ကြွက်မှတစ်ဆင့် လူတို့ထံကူးစက်တတ်သော ရောဂါပိုးဖြစ်ပြီး သာမန်အားဖြင့် လူမှလူသို့ကူးစက်လေ့မရှိသော်လည်း ယခုတွေ့ရှိရသည့် ဗိုင်းရပ်စ်ပိုးသည် ဟန်းတာဗိုင်းရပ်စ်ပိုး၏ လူအချင်းချင်းကူးစက်နိုင်သည့် ရှားပါးမျိုးစိတ် Andes virus (ANDV) ဖြစ်ကြောင်းသိရှိရ၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အပါအဝင် ကမ္ဘာတစ်ဝန်းရှိပြည်သူ့ကျန်းမာရေးပညာရှင်များက ရောဂါကူးစက်မှုများနှင့်ပတ်သက်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိသည်ကို တွေ့ရှိရပါသည်။




> ✣ **ဟန်းတာဗိုင်းရပ်စ်ရောဂါပိုးရှိသော ကြွက်များ၏မစင်၊ ဆီး သို့မဟုတ် တံတွေးများ ကပ်ငြိနေသည့် အစက်အမှုန်များအား ရှူရှိုက်မိခြင်းနှင့် ထိတွေ့မိခြင်း၊ ဗိုင်းရပ်စ်ပိုးပါရှိသည့် မသန့်ရှင်းသောအစားအစာများကို စားသောက်မိခြင်း၊ ရောဂါပိုးကူးစက်ခံရသူနှင့် အလွန်နီးကပ်ပြီး အချိန်ကြာမြင့်စွာ ထိတွေ့မှုရှိခြင်းနှင့် ရောဂါပိုးရှိသောအရာဝတ္ထုများကို ကိုင်တွယ်ပြီး ပါးစပ် သို့မဟုတ် နှာခေါင်းကို ကိုင်တွယ်မိခြင်းတို့မှတစ်ဆင့် ကူးစက်နိုင်**
>
> ✣ **ဟန်းတာဗိုင်းရပ်စ်ကိုကာကွယ်ရန် အကောင်းဆုံးနည်းလမ်းမှာ ကြွက်များ၊ ၎င်းတို့၏အညစ်အကြေးများနှင့်ထိတွေ့မှုကို အတတ်နိုင်ဆုံးရှောင်ရှားရန်ဖြစ်**
>
> ✣ **မိမိနေထိုင် ရာပတ်ဝန်းကျင်တွင် ကြွက်များနေထိုင်ခြင်းနှင့် ပေါက်ဖွားခြင်းမပြုနိုင်ရန်နှင့် မိမိနေထိုင်ရာအိမ်အတွင်း ကြွက်များမဝင်ရောက်နိုင်ရန် အဓိကအလေးထားဆောင်ရွက်ရမည်**

သို့ဖြစ်ပါ၍ ဟန်းတာဗိုင်းရပ်စ်ရောဂါနှင့်ပတ်သက်၍ မိဘပြည်သူများ သိရှိသတိပြုနိုင်ကြစေရန် အောက်ဖော်ပြပါမေးခွန်းနှင့် အဖြေများကို တင်ပြလိုက်ရပါသည် -

**မေး ။ ဟန်းတာဗိုင်းရပ်စ်ရောဂါဆိုတာ ဘာလဲ။**

**ဖြေ** ။ ဟန်းတာဗိုင်းရပ်စ်ရောဂါသည် ဟန်းတာဗိုင်းရပ်စ်ရောဂါပိုးကြောင့် ဖြစ်ပွားပြီး အဆိုပါဗိုင်းရပ်စ်သည် ကြွက်များ(rodents)တွင် သဘာဝအလျောက်ရှိနေနိုင်ပြီး ကြွက်မှတစ်ဆင့် လူသို့ကူးစက်စေ၍ ပြင်းထန်သော အဆုတ်ရောင်ရောဂါ သို့မဟုတ် ကျောက်ကပ်ပျက်စီးသည့်ရောဂါများ ဖြစ်ပွားစေနိုင်ပါသည်။ ဟန်းတာဗိုင်းရပ်စ်သည် ပုံမှန်အားဖြင့် လူအချင်းချင်းကူးစက်လေ့မရှိဘဲ ၎င်း၏ ရှားပါးမျိုးစိတ် Andes virus (ANDV) အနေဖြင့် လူအချင်းချင်းကူးစက်နိုင်သည်ကို တွေ့ရှိရပါသည်။

**မေး ။ ဟန်းတာဗိုင်းရပ်စ်သည် လူကိုဘယ်လို ကူးစက်နိုင်သလဲ။**

**ဖြေ** ။ ဟန်းတာဗိုင်းရပ်စ်ရောဂါပိုးရှိသော ကြွက်များ၏မစင်၊ ဆီး သို့မဟုတ် တံတွေးများ ကပ်ငြိနေသည့် အစက်အမှုန်များအား ရှူရှိုက်မိခြင်းနှင့် ထိတွေ့မိခြင်း၊ ဗိုင်းရပ်စ်ပိုးပါရှိသည့် မသန့်ရှင်းသော အစားအစာများကို စားသောက်မိခြင်း၊ ရောဂါပိုးကူးစက်ခံရသူနှင့် အလွန်နီးကပ်ပြီး အချိန်ကြာမြင့်စွာ ထိတွေ့မှုရှိခြင်းနှင့် ရောဂါပိုးရှိသောအရာဝတ္ထုများကို ကိုင်တွယ်ပြီး ပါးစပ် သို့မဟုတ် နှာခေါင်းကို ကိုင်တွယ်မိခြင်းတို့မှတစ်ဆင့် ကူးစက်နိုင်ပါသည်။ ဟန်းတာဗိုင်းရပ်စ်သည် ပုံမှန်အားဖြင့် လူအချင်းချင်းကူးစက်လေ့မရှိသော်လည်း ယခု အမ်ဗွီဟွန်ဒီယက်ဇ် (MV Hondius) အပျော်စီးသင်္ဘောပေါ်တွင် တွေ့ရှိရသည့် Andes virus (ANDV) မျိုးစိတ်သည် လူအချင်းချင်းကူးစက်နိုင်သည့် ရှားပါးမျိုးစိတ်ဖြစ်ကြောင်းသိရသည်။ အဆိုပါ Andes virus (ANDV)မျိုးစိတ်သည် တောင်အမေရိကတွင် အဓိကတွေ့ရသောမျိုးကွဲဖြစ်ပြီး လူတစ်ဦးမှတစ်ဦးသို့ ကူးစက်သည့်ဖြစ်စဉ် အနည်းငယ်ရှိခဲ့ဖူးပါသည်။ သို့ရာတွင် လူအချင်းချင်းကူးစက်မှုဖြစ်ပွားရန် ရောဂါလက္ခဏာပြနေသောလူနာနှင့် အချိန်ကြာမြင့်စွာ အနီးကပ်ထိတွေ့မှုရှိရန်လိုအပ်ကြောင်း သိရပါသည်။

**မေး ။ ဟန်းတာဗိုင်းရပ်စ် ကူးစက်ခံရပါက မည်သည့်ရောဂါလက္ခဏာများကို ခံစားရပါသလဲ။**

**ဖြေ** ။ ဟန်းတာဗိုင်းရပ်စ်နှင့် ထိတွေ့ပြီးနောက် ရောဂါပျိုးရက်အနေဖြင့် အများအားဖြင့် ရက်သတ္တတစ်ပတ်မှ ခြောက်ပတ်အတွင်းတွင် ရောဂါလက္ခဏာများ စတင်ပေါ်ပေါက်လာတတ်ပါသည်။

အစောပိုင်းလက္ခဏာများအနေဖြင့် တုပ်ကွေးရောဂါလက္ခဏာများကဲ့သို့ ဖျားခြင်း၊ မောပန်းနွမ်းနယ်ခြင်း၊ ကြွက်သားများ ပြင်းထန်စွာကိုက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ မူးဝေခြင်း၊ ချမ်းတုန်ခြင်းနှင့် ပျို့အန်ခြင်း၊ ဝမ်းလျှောခြင်း သို့မဟုတ် ဗိုက်နာခြင်း စသည့် အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာလက္ခဏာများ ဖြစ်ပေါ်တတ်ပါသည်။

၎င်းနောက် ဆက်လက်၍ ၄ ရက်မှ ၁၀ ရက်ခန့်အကြာတွင် ရောဂါလက္ခဏာများ လျင်မြန်စွာဆိုးရွားလာတတ်ပြီး အဆုတ်ရောင်ရောဂါလက္ခဏာများနှင့် ပြင်းထန်အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါလက္ခဏာများဖြစ်သည့် ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲလာခြင်းနှင့် အဆုတ်ရောင်၍ ရင်ဘတ်အောင့်ခြင်းတို့ ဖြစ်ပွားလာနိုင်ပါသည်။ ထို့ပြင် ကျောက်ကပ်ထိခိုက်ခြင်းနှင့် သွေးလန့်ခြင်းလက္ခဏာများဖြစ်သည့် သွေးပေါင်ကျခြင်း၊ သွေးယိုစိမ့်ခြင်း၊ သွေးလန့်ခြင်း၊ ဆီးနည်းခြင်း၊ ကျောက်ကပ်အလုပ်မလုပ်တော့၍ ဆီးမထွက်တော့ခြင်း အစရှိသည့် ပြင်းထန်ရောဂါလက္ခဏာများကို ခံစားရနိုင်ပြီး ရောဂါပြင်းထန်စွာခံစားရပါက ရောဂါကြောင့်သေဆုံးမှုနှုန်းမှာ (၃၀)မှ (၅၀) ရာခိုင်နှုန်းအထိ ရှိနိုင်ပါသည်။

**မေး ။ ဟန်းတာဗိုင်းရပ်စ်ကူးစက်ခံရပါက ကုသပျောက်ကင်းနိုင်ပါသလား။**

**ဖြေ** ။ လက်ရှိအချိန်အထိ ဟန်းတာဗိုင်းရပ်စ်ရောဂါအတွက် ခွင့်ပြုထားသော သီးသန့်ကုသဆေး၊ ကာကွယ်ဆေး သို့မဟုတ် ဗိုင်းရပ်စ်သတ်ဆေး (antiviral) မရှိသေးသော်လည်း စောစီးစွာ အချိန်မီကုသမှုခံယူခြင်းဖြင့် ရောဂါပြင်းထန်စွာခံစားရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချပေးနိုင်ပါသည်။

**မေး ။ ဟန်းတာဗိုင်းရပ်စ်ကူးစက်မှုကို ဘယ်လို ကာကွယ်နိုင်မလဲ။**

**ဖြေ** ။ ဟန်းတာဗိုင်းရပ်စ်ကို ကာကွယ်ရန် အကောင်းဆုံးနည်းလမ်းမှာ ကြွက်များ၊ ၎င်းတို့၏အညစ်အကြေးများနှင့် ထိတွေ့မှုကို အတတ်နိုင်ဆုံးရှောင်ရှားရန်ဖြစ်ပါသည်။ မိမိနေထိုင်ရာပတ်ဝန်းကျင်တွင် ကြွက်များနေထိုင်ခြင်းနှင့် ပေါက်ဖွားခြင်းမပြုနိုင်ရန်နှင့် မိမိနေထိုင်ရာအိမ်အတွင်း ကြွက်များမဝင်ရောက်နိုင်ရန် အဓိကအလေးထားဆောင်ရွက်ရမည်ဖြစ်ပြီး အောက်ဖော်ပြပါအချက်တို့ကို သတိပြုဆောင်ရွက်ရမည် ဖြစ်ပါသည် -

(က) ပတ်ဝန်းကျင်သန့်ရှင်းရေး သတိပြုဆောင်ရွက်ပါ - အမှိုက်များကို စနစ်တကျစွန့်ပစ်ပါ၊ အစားအစာအကြွင်းအကျန်များ စနစ်တကျစွန့်ပစ်ခြင်း၊ သန့်ရှင်းစွာနေထိုင်ခြင်းတို့ဖြင့် အိမ်နှင့်ပတ်ဝန်းကျင်ကို သန့်ရှင်းစွာထားရှိပါ၊ အစားအစာနှင့်ရေများကို လုံခြုံစွာဖုံးအုပ်ထားပါ။

(ခ) ကြွက်ဝင်ပေါက်များကိုပိတ်ဆို့ထားပါ - အိမ်၊ ကားဂိုဒေါင်၊ စပါးကျီနှင့် သိုလှောင်ရုံများ သို့မဟုတ် လုပ်ငန်းခွင်နေရာများသို့ ကြွက်များဝင်ရောက်နိုင်သည့်အပေါက်များကို လုံခြုံအောင် ပိတ်ဆို့ထားပါ။

(ဂ) လုံခြုံစွာ သန့်ရှင်းရေးဆောင်ရွက်ပါ - ကြွက်ချေး၊ ဆီး စသည့်ကြွက်၏အညစ်အကြေးများ သို့မဟုတ် ကြွက်သိုက်များကို ရှင်းလင်းခြင်းနှင့် တံမြက်စည်းလှဲခြင်းတို့ ပြုလုပ်ရာတွင် ဗိုင်းရပ်စ်ပိုးများကို လေထဲသို့လွင့်ပျံ့မသွားစေရန် စိုစွတ်စေသည့်နည်းလမ်းဖြင့် ဆောင်ရွက်ရပါမည်။ အညစ်အကြေးများရှိသည့်နေရာကို ပိုးသတ်ဆေး (ဥပမာ - ကလိုရင်းအရည်/ ချွတ်ဆေးရည်နှင့် ရေရောစပ်ထားသောအရည်) သို့မဟုတ် အရက်ပြန်ဖြင့် သေချာစွာစိုရွှဲနေအောင် ဖျန်းပြီးမှ သတိပြု၍သုတ်သင်ဖယ်ရှားပါ။ ကြွက်များရှိနေနိုင်သည့် နေရာများကို သန့်ရှင်းရေးလုပ်ရာတွင် ရော်ဘာလက်အိတ်များနှင့် မျက်နှာနှင့် အံဝင်ခွင်ကျဖြစ်သော ပါးစပ်နှင့်နှာခေါင်းစည်း (ဥပမာ - N95 Mask)ကို စနစ်တကျတပ်ဆင်ပါ၊ သန့်ရှင်းရေးလုပ်ပြီးတိုင်း လက်ကိုဆပ်ပြာနှင့်ရေ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည် အသုံးပြု၍ စင်ကြယ်စွာ စနစ်တကျဆေးကြောပါ။

**မေး ။ မြန်မာနိုင်ငံတွင် ဟန်းတာဗိုင်းရပ်စ်ရောဂါ ဖြစ်ပွားနိုင်ခြေနဲ့ ပတ်သက်ပြီး စိုးရိမ်စရာ ရှိသလား။**

**ဖြေ** ။ ဟန်းတာဗိုင်းရပ်စ်သည် ကိုဗစ်-၁၉ ရောဂါနှင့်မတူဘဲ လူမှလူသို့ တိုက်ရိုက်အလွယ်တကူ မကူးစက်နိုင်ခြင်း၊ အချိန်ကြာကြာ နီးကပ်စွာထိတွေ့မှုရှိမှသာ ကူးစက်နိုင်ကြောင်း အထောက်အထားများရှိခြင်းတို့ကြောင့် ကိုဗစ်-၁၉ ရောဂါကဲ့သို့ ပြည်သူလူထုအတွင်း ဆက်လက်ကူးစက်ပျံ့နှံ့နိုင်ခြေနည်းပါးကြောင်းတွေ့ရှိရပါသည်။

ကမ္ဘာတစ်ဝန်းတွင် ဟန်းတာဗိုင်းရပ်စ် ကူးစက်မှုနှင့် ရောဂါဖြစ်ပွားမှုနှုန်းနည်းပါးပြီး ၂၀၂၅ ခုနှစ်အတွင်း အမေရိကတိုက်ရှိ နိုင်ငံရှစ်နိုင်ငံ စုစုပေါင်းတွင် လူနာ ၂၂၉ ဦးနှင့် သေဆုံးသူ ၅၉ ဦး ရှိခဲ့ကြောင်း သိရပြီး အရှေ့အာရှဒေသတွင်မူ လွန်ခဲ့သည့်နှစ်များအတွင်း ရောဂါဖြစ်ပွားမှုနှုန်းမှာ လျော့ကျလာခဲ့ကြောင်း သိရပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်များအရ လက်ရှိအချိန်အထိ ဟန်းတာဗိုင်းရပ်စ်ရောဂါသည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများတွင် လူတစ်ဦးမှလူတစ်ဦးသို့ ကူးစက်နိုင်ခြေနည်းပါးသည့်အဆင့် (low risk) အဖြစ်သာ သတ်မှတ်ထားပါသည်။

စာမျက်နှာ ၁၁ သို့ ☆

# နားမကြားသောကလေးများကျောင်းမှ ကျောင်းသား ကျောင်းသူများခေါ်ယူခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ နားမကြားသောကလေးများကျောင်း(ရန်ကုန်)နှင့် နားမကြားသောကလေးများကျောင်း (မန္တလေး) တို့တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်သည်-

**သတ်မှတ်ချက်များ**

၁။ အကြားအာရုံ ချို့ယွင်းအားနည်းသူ ဖြစ်ရမည်။
၂။ အသက်(၆)နှစ်မှ (၁၈)နှစ်အတွင်း ရှိသူ ဖြစ်ရမည်။
၃။ အကြားအာရုံ ချို့ယွင်းအားနည်းမှုမှလွဲ၍ ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။
၄။ စာပေနှင့် အသက်မွေးဝမ်းကျောင်းပညာများကို သင်ယူလိုစိတ်ရှိသူ ဖြစ်ရမည်။
၅။ အိမ်ထောင်မရှိဘူးသူ (လူပျို/အပျို) ဖြစ်ရမည်။
၆။ ကျား/မ၊ လူမျိုးနှင့် ကိုးကွယ်ရာ ဘာသာမရွေး လျှောက်ထားနိုင်သည်။
၇။ ကျောင်းအပ်နှံပါက မိဘ(သို့မဟုတ်) အုပ်ထိန်းသူကိုယ်တိုင် လာရောက်အပ်နှံရမည်။

**ကျောင်းအပ်နှံရာတွင် လိုအပ်သည့်အချက်များ**

၁။ ကလေး၏ပတ်စ်ပို့ဓါတ်ပုံ (၄)ပုံ၊ မွေးစာရင်း မူရင်းနှင့် မိတ္တူ
၂။ မိဘ (၂) ဦး မှတ်ပုံတင် မူရင်းနှင့် မိတ္တူ
၃။ အိမ်ထောင်စုဇယား မူရင်းနှင့် မိတ္တူ
၄။ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ရပ်ကွက်တွင် နေထိုင်ကြောင်း ထောက်ခံချက်
၅။ သက်ဆိုင်ရာ မြို့နယ်ကျန်းမာရေးဌာန၏ ကူးစက်ရောဂါ ကင်းရှင်းကြောင်း ထောက်ခံချက်
၆။ အကြားအာရုံချို့ယွင်းမှု တိုင်းတာစစ်ဆေးပြီးသည့် နားကြားနှုန်း(Audiograph dB) စာရွက်စာတမ်း

လျှောက်ထားလိုသူများသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ နားမကြားသောကလေးများကျောင်း၊ အမှတ်-၃၄၊ F, G၊ အိုးစု (၃)လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့သို့လည်းကောင်း၊ နားမကြားသောကလေးများကျောင်း၊ အကွက်-၈၅၈၊ ချမ်း/တောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့သို့လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ လူမှုဝန်ထမ်းရုံးများမှတစ်ဆင့်ဖြစ်စေ စုံစမ်းနိုင်ပါသည်။ စာပေပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်တက်ရောက်ခွင့်ရရှိပါက သွားလာရေးခက်ခဲသောဒေသများမှ နားမကြားကျောင်းသား/သူများ၏ စားသောက်နေထိုင်ရေးကို နိုင်ငံတော်က တာဝန်ယူမည်ဖြစ်ပြီး ကျောင်းဝင်ကြေးနှင့် ကျောင်းလခပေးရန်မလိုပါ။

အသေးစိတ်သိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ဖုန်းနံပါတ် ၀၆၇-၄၀၄၂၅၂၊ နားမကြားသောကလေးများကျောင်း (ရန်ကုန်) ဖုန်းနံပါတ် ၀၁-၉၅၄၈၈၇၂၊ ၀၉-၂၅၀၀၇၇၂၆၈ နှင့် နားမကြားသောကလေးများကျောင်း (မန္တလေး) ဖုန်းနံပါတ် ၀၉-၄၀၂၆၆၂၆၈၉၊ ၀၉-၄၅၉၇၆၀၅၁၆ တို့ကို (ရုံးချိန်အတွင်း) ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

# နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များ ထပ်ဆင့်ရှင်းလင်းခြင်း အခမ်းအနားကျင်းပ



နေပြည်တော် မေ ၁၃

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များ ထပ်ဆင့်ရှင်းလင်းခြင်းအခမ်းအနားကို မေ ၁၁ ရက် နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးဥပဒေချုပ် ဦးလှသိန်းက ဥပဒေရေးရာ ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၏ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များနှင့် ရက်(၁၀၀)စီမံကိန်းဆိုင်ရာ ရှင်းလင်းချက်များ၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၏ လုပ်ငန်း လမ်းညွှန်ချက်များ ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ဥပဒေအရာရှိ ဒေါ်ယဉ်ယဉ်မွန်က ဥပဒေရေးရာ ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာနများမှညွှန်ကြားရေးမှူးချုပ်များ၏ လုပ်ငန်း လမ်းညွှန်ချက်များကို လည်းကောင်း ထပ်ဆင့်ရှင်းလင်းကြသည်။

အခမ်းအနားသို့ နေပြည်တော် ဥတ္တရခရိုင်၊ ဇေယျာသီရိခရိုင်၊ လယ်ဝေးခရိုင်၊ ပျဉ်းမနားခရိုင် ဥပဒေရုံးများနှင့် မြို့နယ်ဥပဒေရုံးများ၊ ရမည်းသင်းခရိုင်နှင့် မြို့နယ် ဥပဒေ ရုံးများမှ ဥပဒေအရာရှိများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ငွေကြယ်**

# မူဆယ်မြို့၌ လူရည်ချွန်မောင်မယ် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုကြိုဆို

မူဆယ် မေ ၁၃

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင်မှ လူရည်ချွန်မောင်မယ် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အထက-၂



ချယ်ရီဆောင်၌ ပြုလုပ်သည်။

အခမ်းအနားတွင် မူဆယ်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးစန်းမင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး လူရည်ချွန်များအား ဂုဏ်ပြုငွေများကို မူဆယ်ခရိုင် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပေးအပ်သည်။

မူဆယ်မြို့တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် လူရည်ချွန်အဖြစ် Grade-12 မှ တစ်ဦး၊ Grade-11၊ Grade-10 နှင့် Grade-9 တို့မှ နှစ်ဦးစီ စုစုပေါင်း ခုနစ်ဦးပေါ်ထွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# လက်ပံတန်းမြို့နယ်၌ စားသုံးသူကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်



လက်ပံတန်း မေ ၁၃

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်တွင် ရက်(၁၀၀) စီမံချက်ဖြင့် ခရိုင်စားသုံးသူရေးရာဦးစီးဌာနနှင့် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့သည် ယနေ့နံနက်ပိုင်းက မြို့မဈေး၌ ထုတ်ကုန်လုံခြုံရေးဆိုင်ရာ ဈေးကွက်စောင့်ကြည့် စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးနိုင်လင်းထွန်း ဦးဆောင်သော ဌာနဆိုင်ရာပူးပေါင်းအဖွဲ့သည် လက်ပံတန်းမြို့မဈေးအတွင်း စားသောက်ကုန် အရောင်းဆိုင်များ၌ ရောင်းချလျက်ရှိသည့် စားသုံးကုန်ပစ္စည်းများကို စားသုံးသူရေးရာကော်မရှင်၏ ညွှန်ကြားချက်များနှင့်အညီ မြန်မာဘာသာဖြင့် ကုန်ညွှန်းအမှတ်အသားများ ပြည့်စုံစွာဖော်ပြထားမှု ရှိ/ မရှိ၊ ထုတ်လုပ်သည့် ရက်စွဲနှင့် ကုန်းဆုံးသည့်ရက်စွဲများပါရှိခြင်း ရှိ/မရှိ စစ်ဆေးပြီး အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# သာပေါင်းမြို့နယ်၌ ပြည်သူများအား ဆန်၊ ဆီ၊ ကြက်ဥများ ရောင်းချပေး

သာပေါင်း မေ ၁၃

ဧရာဝတီ တိုင်းဒေသကြီး သာပေါင်းမြို့နယ် ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေးကော်မတီမှ ယနေ့နံနက်ပိုင်းတွင် သီရိရွှေသာ ဈေးရှေ့ ဧရာဝတီဘဏ်မျက်နှာစာ၌ ပြည်သူများအား ဆန်၊ ဆီ၊ ကြက်ဥများကို သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးသည်။

ထိုသို့ ရောင်းချပေးရာတွင် မြို့နယ်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအဖွဲ့တို့က ဆန်တစ်ပြည် ငွေကျပ် ၂၈၀၀၊ ဆီ ၅၀ ဆယ်သား ငွေကျပ် ၄၃၀၀ နှင့်ဘူးခွံကျပ် ၂၀၀၊ ကြက်ဥ ကျပ် ၅၀၀ နှုန်းဖြင့် အိမ်ထောင်စု ၂၂၀ အား ရောင်းချပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




☆ စာမျက်နှာ ၁၀ မှ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဟန်းတာဗိုင်းရပ်စ်ရောဂါ စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများနှင့် အသိပညာပေးလုပ်ငန်းများကို အထူးအလေးထား ဆောင်ရွက်လျက်ရှိပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့်ချိတ်ဆက်၍ လတ်တလောရောဂါကူးစက်ဖြစ်ပွားမှု အခြေအနေများကို စောင့်ကြည့်လျက်ရှိပြီး နိုင်ငံဖြတ်ကျော် ဝင်၊ ထွက်ပေါက်များဖြစ်သော လေဆိပ်၊ ဆိပ်ကမ်းနှင့် နယ်စပ်ဂိတ်များတွင် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတကာသင်္ဘောများ ဝင်/ထွက်မှုရှိသော ရန်ကုန်ဆိပ်ကမ်းတွင်လည်း ပြည်ပပင်လယ်ကူးသင်္ဘောများအား ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အသိအမှတ်ပြု ပင်လယ်ကူးသင်္ဘောများ ကူးစက်ရောဂါ ကင်းရှင်းကြောင်းနှင့် သန့်ရှင်းမှုရှိကြောင်း စစ်ဆေးခြင်း လက်မှတ်ထုတ်ပေးခြင်းများကို ပုံမှန်ဆောင်ရွက်လျက်ရှိပါသည်။

လတ်တလောအနေဖြင့် နိုင်ငံတကာ အပျော်စီးသင်္ဘောပေါ်တွင် ဟန်းတာဗိုင်းရပ်စ်ရောဂါ ကူးစက်ဖြစ်ပွားမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံသို့ ဝင်ရောက်ကူးစက်မှုမရှိစေရေးအတွက် တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများ၊ အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ဆိပ်ကမ်းများတွင် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းအား တိုးမြှင့်ဆောင်ရွက်ခြင်း၊ အထူးသဖြင့် အပြည်ပြည်ဆိုင်ရာလေဆိပ်များတွင် ကိုယ်အပူချိန်နှင့် ကူးစက်ရောဂါလက္ခဏာစောင့်ကြပ်ကြည့်ရှုခြင်း၊ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ချက်နှင့်အညီ ရောဂါရှာဖွေစစ်ဆေးခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ သတင်းပို့ခြင်း၊ ကုသမှုပေးခြင်း၊ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းနှင့် သင်္ဘောပေါ်တွင် ပြည်သူ့ကျန်းမာရေးစီမံခန့်ခွဲခြင်းလုပ်ငန်းများကို သင်္ဘောလုပ်ငန်းဆောင်ရွက်သူများနှင့် နီးကပ်စွာပူးပေါင်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းများ အားဖြည့်ဆောင်ရွက်လျက်ရှိပါသည်။

ရောဂါသံသယရှိသူများ ပေါ်ပေါက်လာပါကလည်း ဆေးကုသရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် ပြည်သူ့ဆေးရုံများတွင် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။ သို့ဖြစ်၍ လက်ရှိအချိန်တွင် ဟန်းတာဗိုင်းရပ်စ်ရောဂါဖြစ်ပွားမှုနှင့် ပတ်သက်၍ မိဘပြည်သူများအနေဖြင့် ကြွက်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများကို ကာကွယ်နိုင်ရန်အတွက် ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများနှင့် ကြွက်နှိမ်နင်းရေးလုပ်ငန်းများကို အလေးထား ဆောင်ရွက်ရန်လိုအပ်ပြီး ဟန်းတာဗိုင်းရပ်စ်ရောဂါ ကူးစက်ဖြစ်ပွားမှုများနှင့်ပတ်သက်၍ အထူးစိုးရိမ်ကြောင့်ကြရန် မလိုအပ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

# မွန်ပြည်နယ်ဝန်ကြီးချုပ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေပေးအပ်၊ ဒေသဖွံ့ဖြိုးရေးများဆောင်ရွက်



**မော်လမြိုင် မေ ၁၃**

ပြည်ထောင်စု အစိုးရအဖွဲ့၏ ရက်ပေါင်း ၁၀၀ အတွင်း မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် မော်လမြိုင်ခရိုင် ဘဏ်ခွဲမှ ဆောင်ရွက်မည့် ၂၀၂၆ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ တိုးမြှင့်ထုတ်ချေးရေးနှင့် ချေးငွေပေးအပ်ပွဲကို ယမန်နေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ်စီမံကိန်း ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ကြည့်ရှုအားပေး**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းက အမှာစကားပြောကြားပြီး ၂၀၂၆ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေကို တောင်သူများထံ ပေးအပ်ကာ ချေးငွေ ထုတ်ချေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် မိုးစပါးမျိုးစေ့ထုတ် စိုက်ခင်းစိုက်ပျိုးမည့် တောင်သူများကို မျိုးသန့်မျိုးပွား မျိုးစေ့(RS)များ ချီးမြှင့်ပေးအပ်ပြီး ရိုးဂိုးကျေးရွာ တောင်သူ ဦးစိုးညဏ်၏လယ်မြေတွင် မြေဆီလွှာ ပြုပြင်ခြင်းအတွက် ထုံးထည့်သွင်းနေမှု၊ မော်လမြိုင်မြို့ ငန်းတေးရပ်ကွက်ရှိ ဦးသန်းထွန်းဝင်း၏ ဥစားကြက်မွေးမြူရေးခြံအတွင်း ဥစားကြက်အကောင်ရေ ၆၀၀၀ မွေးမြူ အောင်မြင်ဖြစ်ထွန်းနေမှု၊ ဦးသက်ပိုင်စိုး၏ သုံးဧက ငါးမွေးမြူရေးကန်တွင် ငါးတန် ၃၀၀၀၊ ငါးမုတ် ၅၀၀၀၊ ငါးမြစ်ချင်း ၃၀၀၀နှင့် ငွေရောင်ငါးကြင်း ၂၅၀၀ မွေးမြူအောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# မိုးညှင်းမြို့၌ မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေ စတင်ထုတ်ချေးပေး

**မိုးညှင်း မေ ၁၃**

ကချင်ပြည်နယ် မိုးညှင်းမြို့၌ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ခရိုင်ဘဏ်ခွဲမှ ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများကို ယမန်နေ့ နံနက် ၁၀ နာရီက ရွာသစ်ကုန်းကျေးရွာမှ တောင်သူ ၄၀ တို့၏ လယ်ယာမြေ ၂၀၂ ဧကအတွက် မိုးစပါးစိုက်တစ်ဧကလျှင် ငွေကျပ် သုံးသိန်းနှုန်းဖြင့် ချေးငွေကျပ် စုစုပေါင်း ၆၀၆ သိန်းအား အဆိုပါဘဏ်ခွဲ၌ တာဝန်ရှိသူများက ထုတ်ချေးပေးလျက်ရှိသည်။

မိုးညှင်းမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၃၁ အုပ်စုမှ တောင်သူ ၆၀၆၄ ဦးအား မိုးစပါးစိုက် တစ်ဧကလျှင် ငွေကျပ် သုံးသိန်းနှုန်းဖြင့် မိုးစပါးစိုက်ပျိုးဧက ၄၂၃၅၀ အတွက် ချေးငွေစုစုပေါင်း ငွေကျပ်သိန်းပေါင်း တစ်သိန်းနှစ်သောင်းကျော်ကို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း အဆိုပါခရိုင်ဘဏ်ခွဲမှ သိရသည်။

ရွှေမိုးညှင်း



# နောင်ချိုမြို့နယ်၌ မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေး

**နောင်ချို မေ ၁၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ်တွင်



ရက် (၁၀၀) စီမံချက်ဖြင့် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးခြင်းအခမ်းအနားကို ယမန်နေ့က မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ ပြုလုပ်သည်။

စိုက်ပျိုးစရိတ်ချေးငွေများကို ခိုအုံအုပ်စုနှင့် ကြိမ်ဂနိုင်အုပ်စုတို့အတွင်းရှိ စိုက်ပျိုးတောင်သူ ၄၀ အတွက် လယ်တစ်ဧကလျှင် ငွေကျပ် သုံးသိန်းနှင့် ယာတစ်ဧကလျှင် ငွေကျပ် ၂၅၀၀၀၀ သတ်မှတ်၍ အတိုးနှုန်း ငါးရာခိုင်နှုန်းဖြင့် ငွေကျပ် ၆၃၂၅၀၀၀၀ အား မြို့နယ်ချေးငွေအကြံပေး အဖွဲ့ဝင်များက ပေးအပ်ကြသည်။

ထို့နောက် နောင်ချိုမြို့နယ်အတွင်း ကျေးရွာအုပ်စု ၂၄ အုပ်စုအတွက် စိုက်ပျိုးစရိတ်ချေးငွေကျပ် ၂၃၁၂၅၀၀၀၀၀အား ထုတ်ချေးပေးရန် လျာထားလျက်ရှိကြောင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

# နတ်မောက်မြို့၌ မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ပေး

**နတ်မောက် မေ ၁၃**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ပေးအပ်ပွဲကို မေ ၁၂ ရက် နံနက်ပိုင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ချေးငွေအကြံပေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းနိုင်ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်လတ်မိုး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲမှူးဇော်မြင့်သူ၊ မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမန်နေဂျာဒေါ်မိုးမိုးသိန်းနှင့် တာဝန်ရှိသူများက မြို့မအုပ်စုမှဘဏ်ခွဲဝင် တောင်သူ ၄၄ ဦးအား စပါးတစ်ဧကလျှင် ငွေကျပ် သုံးသိန်း၊ နှမ်းတစ်ဧကလျှင် ငွေကျပ် ၂၅၀၀၀၀ နှုန်းဖြင့် စပါး ၃၃ ဧက၊ နှမ်း ၁၁၆ ဧက စုစုပေါင်း ၁၄၉ ဧကအတွက် ချေးငွေပမာဏငွေကျပ် ၃၈ ဒသမ ၉၀ သန်းတို့ကို စတင် ထုတ်ချေးပေးသည်။

နတ်မောက်မြို့နယ်တွင် ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေအား စပါးဧက ၁၀၀၀၊ အခြားသီးနှံ ဧက ၂၈၅၀၀ စုစုပေါင်းဧက ၂၉၅၀၀ အတွက် ချေးငွေပမာဏငွေကျပ် ၇၄၂၅ သန်း ထုတ်ချေးရန်လျာထားကြောင်း သိရသည်။

လှဝင်း



# သာပေါင်းမြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ စတင်ထုတ်ချေး

**သာပေါင်း မေ ၁၃**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်တွင် ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ စတင်ထုတ်ချေးပေးအပ်ပွဲအခမ်းအနားကို မေ ၁၂ ရက် နံနက်ပိုင်းက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်ဘဏ်ခွဲရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် သစ်ပုတ်ကုန်းကျေးရွာအုပ်စုရှိ တောင်သူ ၁၁၃ ဦး၏ လယ်မြေ ၉၁၅ ဧကအတွက် ချေးငွေကျပ်သိန်း ၂၇၄၅၀၀၀၀၀ စတင်ထုတ်ချေးပေးပြီး သာပေါင်းမြို့နယ်တွင် ကျေးရွာအုပ်စု ၅၈ အုပ်စုရှိ တောင်သူ ၅၉၈၃ ဦးတို့၏ လယ်ယာမြေဧက ၃၉၀၀၀ ခန့်အတွက် ငွေကျပ်သန်း ၁၁၇၀၀ ကို ချေးငွေ ဆက်လက်ထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ကဝမြို့နယ်၌ စိုက်ပျိုးစရိတ်ချေးငွေများ ပေးအပ်ပွဲ ကျင်းပ



**ကဝ မေ ၁၃**

ပဲခူးတိုင်းဒေသကြီး ကဝ မြို့နယ်တွင် ရက်(၁၀၀)စီမံချက်ဖြင့် စိုက်ပျိုးစရိတ် တိုးမြှင့်ထုတ်ချေးခြင်းနှင့် ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီက ကဝမြို့နယ် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ခွဲ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်ခွဲမန်နေဂျာ ဦးအောင်ဇော်ဦးက ချေးငွေထုတ် တောင်သူများအား သိရှိလိုက်နာရမည့် ဘဏ်ချေးငွေဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများ အကျေအလည် ပေးဆပ်ပြီးဖြစ်သည့် ကဝမြို့နယ် ဘုမ္မစိုးကျေးရွာအတွင်းမှ တောင်သူ ၁၉၃ ဦးအတွက် တစ်ဧကလျှင် ငွေကျပ် သုံးသိန်းနှုန်းဖြင့် ၁၃၀၈ ဧကအတွက် စုစုပေါင်း ငွေကျပ် ၃၉၂၄၀၀၀၀၀ ကို တောင်သူများ လက်ဝယ်သို့ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ရဲဇော်ဟိန်း(ပြန်/ဆက်)

# အုတ်တွင်းမြို့နယ်၌ မိုးစပါးစိုက်တောင်သူများအား ချေးငွေစတင် ထုတ်ချေးပေး

**အုတ်တွင်း မေ ၁၃**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၂၆ ခုနှစ် မိုးရာသီအတွက် မိုးစပါးစိုက်ပျိုးမည့် တောင်သူများအား ချေးငွေများကို ယမန်နေ့နံနက်ပိုင်းက အဆိုပါရုံး၌ စတင်ထုတ်ချေးပေးလျက်ရှိသည်။

မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မန်နေဂျာ ဒေါ်တင်တင်နိုင်က ချေးငွေထုတ်ပေးရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျေးရွာအုပ်စု ၄၁ အုပ်စုရှိ လူဦးရေ ၃၇၈၂ ဦး၊ ဧက၂၄၉၇၀ အတွက် ထုတ်ချေးငွေကျပ် ၇၉၄၁၀၀၀၀၀၀ ထုတ်ချေးရန် လျာထားဆောင်ရွက်လျက်ရှိပြီး ယမန်နေ့နံနက်ပိုင်းက ဈေးရပ်ကွက်ရှိ တောင်သူ ၅၂ ဦးတို့၏ လယ်ယာမြေ ၃၁၅ ဧကအတွက် ချေးငွေကျပ် ၉၄၅၀၀၀၀၀ အား စတင်ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)

**အလုံမြို့နယ်အတွင်း ပြည်သူအများ လျှပ်စစ်မီးပြည့်ဝစွာရရှိနိုင်ရေးအတွက် ရက်( ၁၀၀) အတွင်း စီမံဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများပြီးစီးမှုအခြေအနေကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကုဋ္ဌေထွန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့၊ မြို့နယ်လျှပ်စစ်မန်နေဂျာနှင့် အင်ဂျင်နီယာအဖွဲ့တို့က မေ ၁၃ ရက်တွင် စစ်ဆေးစဉ်။**

သျှင်ဝင်းသျှင်



# အင်းတော်မြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ၌ ကျောင်းအုပ်ချုပ်မှုကိစ္စများ ဆောင်ရွက်နေသည့် ပညာရေးဝန်ထမ်းများအား အကြမ်းဖက်သောင်းကျန်းသူများက FPV Suicide Drone များဖြင့် ယုတ်မာစွာ အကြောင်းမဲ့ပစ်လွှတ်တိုက်ခိုက်ခဲ့သဖြင့် ပညာရေးဝန်ထမ်း သုံးဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် မေ ၁၃**

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပညာရေးကဏ္ဍသည် အလွန်အရေးကြီးသည့် အခြေခံတစ်ရပ်ဖြစ်သည်။ ပညာရေးကပင် လူ့စွမ်းအား အရင်းအမြစ်များကို တိုးတက်စေပြီး စီးပွားရေး၊လူမှုရေး၊ နည်းပညာနှင့် နိုင်ငံရေးကဏ္ဍများအားလုံးကို တိုးတက်အောင် ဆောင်ရွက်ပေးနိုင်ကာ နိုင်ငံ၏ အနာဂတ်ကို တည်ဆောက်ပေးနိုင်သော အင်အားတစ်ရပ်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏ အနာဂတ်ဖြစ်သည့် မျိုးဆက်သစ်ရင်သွေးငယ်များ၏ ပညာရေးတွင် နောက်ကျကျန်ရစ်မှုမဖြစ်ပေါ်စေရေးအတွက် ပညာသင်ကြားနိုင်မှု အခွင့်အလမ်းကို ပြည့်ဝစွာ အသုံးချနိုင်စေရန်နှင့် လာမည့် ကျောင်းဖွင့်ရာသီတွင် အခြေခံပညာ ကျောင်းများ ပြန်လည် ဖွင့်လှစ်နိုင်ရေး တပ်မတော်သားများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

သို့ရာတွင် NUG အမည်ခံ အကြမ်းဖက်အဖွဲ့နှင့် ၎င်း၏ လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက် သမားများသည် အနာဂတ် ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့ကို အကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသည့် စာသင်ကျောင်းများအား အဝေးမှလက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ကျောင်းသား၊ ဆရာ၊ မိဘများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာအဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင် ဖောက်ခွဲခြင်း၊ အထောက်အကူပြုပစ္စည်းများနှင့် ကျောင်းသုံး ပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးစာအုပ်များအား မီးရှို့ဖျက်ဆီးခြင်း စသည့် နည်းလမ်းမျိုးစုံအသုံးပြုကာ ပညာရေးကဏ္ဍ မြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။





Drone ကျရောက်ပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် မူလတန်း ကျောင်းအုပ်ဆရာနှင့် ရုံးဝန်ထမ်းများအား တွေ့ရစဉ်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ မေ ၁၂ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) (အောင်ဇေယျ)၌ ဆရာ ဆရာမများနှင့် ရုံးအဖွဲ့များက ကျောင်းဖွင့်ရာသီတွင် ကျောင်းသားကျောင်းသူများ ကျောင်းအပ်နှံခြင်း၊ စာသင်ခန်းများနှင့် သင်ထောက်ကူပစ္စည်းများ စနစ်တကျရှိစေရေး စသည့် ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများ ဆောင်ရွက်နေစဉ် နံနက် ၁၁ နာရီ ၄၅ မိနစ်ချိန်ခန့်တွင် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက အင်းတော်မြို့၏ အနောက်ဘက် မီတာ ၂၆၀၀ ခန့်အကွာမှနေ၍ FPV Suicide Drone နှစ်စင်းဖြင့် ပစ်လွှတ်တိုက်ခိုက်ခဲ့ရာ ကျောင်းဝင်းအတွင်း ကျရောက်ပေါက်ကွဲခဲ့သဖြင့် စာသင်ဆောင်များ ထိခိုက်ပျက်စီးခဲ့ကာ မူလတန်းကျောင်းအုပ်ဆရာ တစ်ဦးနှင့် ရုံးဝန်ထမ်းနှစ်ဦးတို့တွင် ဗုံးစထိမှန်၍ မစိုးရိမ်ရဒဏ်ရာများရရှိခဲ့သဖြင့် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် ယခုကဲ့သို့ စစ်ရေးနှင့် သက်ဆိုင်သော ပစ်မှတ်များမဟုတ်ဘဲ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားသည့် ပညာရေးဆိုင်ရာ အဆောက်အအုံများကို ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု ကျူးလွန်ခြင်းဖြစ်ပြီး အဆိုပါအကြမ်းဖက်လုပ်ရပ်အပေါ် ဒေသခံပြည်သူများက ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေး လုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



အကြမ်းဖက်သောင်းကျန်းသူများ ပစ်လွှတ်သည့် FPV Suicide Drone အား တွေ့ရစဉ်။




Drone ကျရောက်ပေါက်ကွဲမှုကြောင့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အောင်ဇေယျရှိ စာသင်ဆောင်များ ပျက်စီးခဲ့မှုကို တွေ့ရစဉ်။

## အင်္ဂပူမြို့နယ်၌ သဘာဝဘေးဖြစ်ပေါ်လာပါက အရေးပေါ်ကူညီရန် အသင့်ထားရှိ



**အင်္ဂပူ မေ ၁၃**

သဘာဝဘေးဖြစ်ပေါ်လာပါက ပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ်များ ဆုံးရှုံးမှုမရှိစေရေးအတွက် ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် မီးသတ်ဦးစီးဌာနတွင် အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အသင့်ရှိကြောင်း သိရသည်။

**ဖွဲ့စည်းထား**

ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲမင်းသိန်း ဦးဆောင်သည့် သန္နေတပ်ဖွဲ့ဝင် ၃၅ ဦး ပါဝင်ဖွဲ့စည်းထားရှိပြီး သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်ပါက ကူညီရန်အသင့်ရှိကြောင်း၊ ကယ်ဆယ်ရေး လုပ်ငန်းများအတွက် လေ့ကျင့်မှုများကိုလည်း တပ်ဖွဲ့ဝင်များက အရန်သင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

## ရေးမြို့နယ်၌ အရေးပေါ်ကူညီကယ်ဆယ်ရေး လုပ်ငန်းပစ္စည်းများ စုဖွဲ့ထားရှိမှု တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေး

**ရေး မေ ၁၃**

မွန်ပြည်နယ် ရေးမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် ရှာဖွေကယ်ဆယ်ရေး ပစ္စည်းများနှင့် လူအင်အား အသင့်စုဖွဲ့ထားရှိခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်မီးသတ် ဦးစီးဌာနမှူးရုံး၌ ဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ထားရှိမှုကို ရေးမြို့နယ်(ခေတ္တ) တပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီး ကျော်သူဝင်း၊ ရေးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ (ခေတ္တ) ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်နှင့် တာဝန်ရှိသူများက လက်ထောက်မီးသတ်ဦးစီးမှူး ဦးရဲကောင်းထက်နှင့် တပ်ဖွဲ့ဝင်များ၏ အရေးပေါ်အခြေအနေတွင် သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် လုပ်ငန်းသုံးပစ္စည်းများ၊ လူ၊ ယာဉ်နှင့် စက်ပစ္စည်းကိရိယာများ အသင့်စုဖွဲ့ထားရှိမှုတို့ကို လိုက်လံကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်ဆောင်ရွက်ထားရှိရန် မှာကြားထားကြောင်း သိရသည်။

**ရှင်းသန့်ဖြူ**

○ ကျောဖုံးမှ
စားဆောင်မိုးကာတဲ တစ်လုံး၊ အလျားပေ ၆၀၊ အနံပေ ၂၀ ရှိ နှစ်ထပ် အိပ်စင်ပါ လူနေမိုးကာတဲ ငါးလုံး၊ ပေ ၂၀ ပတ်လည်ရှိ လူနေမိုးကာတဲ ၁၂ လုံး၊ အလျားပေ ၄၀၊ အနံပေ ၂၀ ရှိ ဆေးစတို တစ်လုံးနှင့် ရေချိုးခန်း၊ အိမ်သာ တစ်လုံး၊ အလျားပေ ၃၀၊ အနံပေ ၂၀ ရှိ မီးစက်မိုးကာတဲ တစ်လုံး၊ အလျားပေ ၈၀၊ အနံပေ ၄၀ ရှိ လုပ်ငန်းလုပ်ဆောင်သည့် အဆောင် နှစ်လုံး၊ အလျားပေ ၄၀၊ အနံပေ ၁၀ ရှိ ရေချိုးခန်းအဆောင် တစ်လုံး၊ အလျားပေ ၁၀၀၊ အနံပေ ၃၀ ရှိ လူနေဆောင် တစ်လုံး၊ အလျားပေ ၆၀၊ အနံပေ ၂၀ ရှိ လူနေဆောင် နှစ်လုံး၊ အလျားပေ ၈၀၊ အနံပေ ၂၀ ရှိ လူနေဆောင် တစ်လုံး၊ မီးစက် ရှစ်လုံး၊ All in One ကွန်ပျူတာ အလုံး ၄၀၊ Desktop တစ်လုံး၊ CPU တစ်လုံး၊ Laptop ခုနစ်လုံး၊ Starlink ရှစ်လုံး၊ ဆိုလာ အကြီး၊ အသေး ကိုးချပ်၊ ဒိုင်နမို နှစ်လုံး၊ ပန်ကာ ခုနစ်လုံး၊ Power Station 3500 W နှစ်လုံးနှင့် ဝိုင်ဖိုင်စက် ၁၀ လုံးတို့ကိုလည်းကောင်း၊ ထပ်မံ၍ ဆက်လက်ရှင်းလင်းရာ အဆိုပါနေရာတစ်ဝိုက်မှ အလျားပေ ၆၀၊ အနံပေ ၂၀ ရှိ လုပ်ငန်းလုပ်ဆောင်သည့်အဆောင် နှစ်လုံး၊ လူ ၂၀ ဆံ့ လူနေတဲ ၁၅ လုံး၊ ဆိုင်ကယ် နှစ်စီး၊ ရေခဲသေတ္တာ နှစ်လုံး၊ Freezer ငါးလုံးနှင့် မီးစက် သုံးလုံးတို့ကိုလည်းကောင်း ထပ်မံတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အဆိုပါနေရာတစ်ဝိုက် သံလွင်မြစ်ကမ်းတစ်လျှောက်၌ ရှာဖွေစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်ရာ ယနေ့နံနက် ၇ နာရီခွဲခန့်တွင် မက်မန်းမြို့၏ အနောက်တောင်ဘက် ၅၀ ကီလိုမီတာခန့်အကွာ သံလွင်မြစ်အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်ပြီး ထွက်ပြေးတိမ်းရှောင်နေသည့်တရားမဝင် တရုတ်နိုင်ငံသား ၁၈ ဦး ပါဝင်သော အဖွဲ့တစ်ဖွဲ့၊ ၁၉ ဦး ပါဝင်သောအဖွဲ့တစ်ဖွဲ့၊ ၂၁ ဦး ပါဝင်သောအဖွဲ့တစ်ဖွဲ့နှင့် ၁၇ ဦးပါဝင်သော အဖွဲ့တစ်ဖွဲ့တို့ဖြင့် စုစုပေါင်းတရားမဝင် တရုတ်နိုင်ငံသား ၇၅ ဦးကို တွေ့ရှိဖမ်းဆီးရမိခဲ့ပြီးညနေ ၅နာရီခန့်တွင် အဆိုပါအနီးတစ်ဝိုက်၌ တရားမဝင်တရုတ်နိုင်ငံသား ၁၅ ဦးကို ထပ်မံတွေ့ရှိဖမ်းဆီးရမိခဲ့ရာ စုစုပေါင်း တရားမဝင် တရုတ်နိုင်ငံသား ၉၀ ကို တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် ၎င်းတို့အား ဖမ်းဆီးရမိခဲ့သည့် နေရာတစ်ဝိုက်မှ အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ငန်းများ လုပ်ဆောင်ရာတွင် အသုံးပြုသည့် အလျားပေ ၅၀၊ အနံ ၁၅ ပေရှိ စားဆောင် တစ်လုံး၊ အလျား ၁၀ ပေ၊ အနံ ခြောက်ပေရှိ လူနေတဲ အလုံး၂၀၊ အလျားပေ ၂၀၊ အနံ ၁၅ ပေရှိ ဆန်ဂိုဒေါင် တစ်လုံး၊ အလျား ရှစ်ပေ၊ အနံ ငါးပေရှိ လျှပ်စစ်ဂိုဒေါင် တစ်လုံး၊ အလျား ၁၀ ပေ၊ အနံ ငါးပေရှိ ဆေးဂိုဒေါင် တစ်လုံး၊ အလျား ပေ ၄၀၊ အနံ ၁၅ ပေရှိ စားချက်ဆောင် တစ်လုံး၊ အလျား ၁၀ ပေ၊ အနံ ငါးပေရှိ ဂိတ်ဝင်/ထွက်ဆောင် တစ်လုံး၊ အလျားပေ ၄၀၊ အနံ ၁၅ ပေရှိ ရိက္ခာဂိုဒေါင် တစ်လုံး၊ အလျား ၁၅ ပေ၊ အနံ ၁၀ ပေရှိ မီးစက်ထားသည့် အဆောင် တစ်လုံး၊ အလျား ၁၀ ပေ၊ အနံ ငါးပေရှိအထွေထွေဂိုဒေါင် တစ်လုံး၊ ဆန်အိတ် ၁၀၀၊ မီးစက် ငါးလုံး၊ Freezer သုံးလုံး၊ ဂက်စ်အိုး အလုံး ၂၀၊ ၁၄ ကန့်ပါ ထမင်းပေါင်းအိုး တစ်လုံး၊ ငါးထပ်သားပြား ၈၉ ပြား၊ ဆိုင်ကယ် လေးစီးနှင့် Star Link နှစ်လုံးတို့ ကိုလည်းကောင်း၊ အဆိုပါနေရာမှ ထပ်မံရှာဖွေစစ်ဆေးရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ရာတွင် အသုံးပြုသည့် အလျားပေ ၈၀၊ အနံပေ ၃၀ ရှိ အမျိုးသမီး အိပ်ဆောင် တစ်လုံး၊ အလျားပေ ၈၀၊ အနံပေ ၄၀ ရှိ အမျိုးသား အိပ်ဆောင် တစ်လုံး၊ အလျားပေ ၃၀၊ အနံ ၁၅ ပေရှိ မီးဖိုဆောင် တစ်လုံး၊ အလျား ၁၅ ပေ၊ အနံ ငါးပေရှိ ခုနစ်လုံးတွဲ အိမ်သာ တစ်လုံး၊ အလျားပေ ၃၀၊ အနံ ၁၅ ပေရှိ ရေချိုးကန် တစ်လုံး၊ ငါးပေ ပတ်လည်ကင်းတဲ တစ်လုံး၊ အလျား ကိုးပေ၊ အနံ ငါးပေရှိ ရေတိုင်ကီအပါ ရေသန့်စက် တစ်လုံး၊ အလျားပေ ၆၀၊ အနံ ၂၅ ပေရှိ လူနေဆောင် တစ်လုံး၊ အလျားပေ ၅၀၊ အနံ ၂၅ ပေရှိ ပစ္စည်းသိုလှောင်ရုံ တစ်လုံး၊ မီးစက်အကြီးလေးလုံး၊ ရေခဲသေတ္တာ အကြီး လေးလုံး၊ ထမင်းပေါင်းအိုး အကြီး တစ်လုံး၊ ပလတ်စတစ်ထိုင်ခုံ အလုံး ၃၀၊ ဒီဇယ်ဆီထည့်သည့် ပုံးအပြာ ၁၀ လုံး၊ ဆီတစ်ဝက်ပါ ဆီပီပါ တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း ထပ်မံတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဖမ်းဆီးရမိသူများကိုလည်း

စာမျက်နှာ ၁၅ သို့ ○


တရားမဝင်တရုတ်နိုင်ငံသား အမျိုးသား ၁၇ ဦးကို တွေ့ရစဉ်။


တရားမဝင်တရုတ်နိုင်ငံသား အမျိုးသား ၁၅ ဦးကို တွေ့ရစဉ်။





မေ ၁၂ ရက်က သံလွင်မြစ်၏ အရှေ့ဘက်ကမ်းတစ်လျှောက်တွင် တရားမဝင်အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် သိမ်းဆည်းရမိ အဆောက်အအုံများနှင့် လုပ်ငန်းသုံးပစ္စည်းများကို တွေ့မြင်ရစဉ်။







မေ ၁၃ ရက်က မက်မန်းမြို့နယ်အတွင်း တရားမဝင်အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် သိမ်းဆည်းရမိအဆောက်အအုံများနှင့် လုပ်ငန်းသုံးပစ္စည်းများကို တွေ့မြင်ရစဉ်။

# အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၀ ထပ်မံဖော်ထုတ်ထိန်းသိမ်း

**နေပြည်တော် မေ ၁၃**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့်ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်း ပေးအပ်လျက်ရှိသည်။



ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ ဝန်းကျင်ရှိ ဆိုက်များအတွင်းသို့ တရားမဝင်လမ်းကြောင်းများမှ တစ်ဆင့် ဝင်ရောက်နေခဲ့သည့် တရုတ်နိုင်ငံသား ၂၀ ထပ်မံဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

အဆိုပါ ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် တရုတ်နိုင်ငံသား ၂၀ အား ပြည်ဝင်ခွင့်ဗီဇာ စည်းကမ်းဖောက်ဖျက်ခဲ့သည့်အတွက် ၁၉၄၇ ခုနှစ်၊ မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)အရ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တရားဆွဲဆိုအရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် မေ ၁၃ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၆၅၄ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၄၂၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၃၂ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၆၆ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၄၆၆ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

○ စာမျက်နှာ ၁၄ မှ

ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နောက်ကွယ်မှ ပါဝင်ပတ်သက်သူများကိုလည်း စိစစ်ဖော်ထုတ်ကာ တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိနေပြီး အွန်လိုင်းလိမ်လည် လောင်းကစားမှုတွင် တစ်နည်းနည်းဖြင့် ပါဝင်ပတ်သက်နေသည့် ပြည်ပနိုင်ငံသားများကိုလည်း တရားဥပဒေနှင့်အညီ စစ်ဆေးကာ လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးခြင်းများ၊ အဓိကပြစ်မှုကျူးလွန်ခဲ့သူများကိုလည်း ဖမ်းဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာအစိုးရအဖွဲ့ထံ တရားဝင်လွှဲပြောင်းပေးခြင်းများနှင့် တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# သံဖြူဇရပ်မြို့နယ်၌ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြော

**သံဖြူဇရပ် မေ ၁၃**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ မြို့နယ်ရဲတပ်ဖွဲ့မှ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောခြင်းကို မေ ၁၂ ရက်မွန်းလွဲပိုင်းက



ကြံ့ခိုင်ရေးရပ်ကွက်နှင့် အောင်ချမ်းသာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတို့၌ ဆောင်ရွက်ခဲ့ကြသည်။

**အသိပညာပေးဟောပြော**

အဆိုပါ အသိပညာပေးဟောပြောပွဲကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမိုးမြင့်က ကြီးကြပ်၍ ဒုတိယရဲမှူးမင်းနောင်၊ ဒုတိယရဲအုပ်ဝေယျာစိုး၊ ဒုတိယရဲအုပ်မွန်မွန်ကျော်တို့က မှုခင်းကြိုတင်ကာကွယ်ရေးအတွက် မှုခင်းကျဆင်းရေးဆိုင်ရာ သက်ငယ်မုဒိမ်းဖြစ်စဉ်ဖြစ်ရပ်များ၊ မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာပြစ်မှုပြစ်ဒဏ်များ၊ ယာဉ်စည်းကမ်း/လမ်းစည်းကမ်းဆိုင်ရာများကို အသိပညာပေးဟောပြောပြီး အိမ်တိုင်ရာရောက် အသိပညာပေးဟောပြောခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ထန်းတပင်မြို့နယ်၌ တိရစ္ဆာန်ရောဂါကာကွယ်ဆေးထိုးနှံခြင်းများ ဆောင်ရွက်

**ရန်ကုန် မေ ၁၃**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ရက် (၁၀၀)စီမံချက်ဖြင့် တိရစ္ဆာန်ရောဂါကာကွယ်ဆေးထိုးနှံခြင်းများကို မေ ၁၂ ရက် နံနက်ပိုင်းက စံကင်းကြီးကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများ၌ ကွင်းဆင်းဆောင်ရွက်သည်။

ကာကွယ်ဆေး ထိုးနှံရာတွင် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာအင်ကြင်းမေနှင့်ဝန်ထမ်းများ၊ တိရစ္ဆာန်ကျန်းမာရေးလုပ်သားများက စံကင်းကြီးကျေးရွာအုပ်စုအတွင်းရှိ ညောင်သုံးပင်ကျေးရွာနှင့် စံကင်းကြီးကျေးရွာတို့တွင် ကျွဲ၊ နွားများအား လည်ချောင်းကွဲကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# ဆီဆိုင်မြို့နယ်၌ တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ဆေးများ ထိုးနှံ

**ဆီဆိုင် မေ ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်တွင် ရက်(၁၀၀) စီမံချက်ဖြင့် တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ဆေးများကို ယနေ့နံနက်ပိုင်းက ကျေးရွာများအရောက် ကွင်းဆင်းထိုးနှံပေးလျက်ရှိသည်။

ထိုသို့ ထိုးနှံပေးရာတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာအောင်ကျော်စိုးနှင့် ဝန်ထမ်းများက ပင်စုံကျေးရွာအုပ်စု ထီတမောင်းကျေးရွာရှိ တိရစ္ဆာန်များကို လည်ချောင်းကွဲ၊ ပေါင်ပုပ် လက်ပုပ်ကာကွယ်ဆေးနှင့် ဝက်ဝမ်းကျရောဂါကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# သထုံမြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ပေးအပ်

**သထုံ မေ ၁၃**

မွန်ပြည်နယ် သထုံမြို့နယ်တွင် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ တိုးမြှင့်ထုတ်ချေးရေးနှင့် ချေးငွေများ ပေးအပ်ခြင်းအခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက လိပ်အင်းရပ်ကွက်ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက သထုံမြို့နယ်အတွင်း ယခင်နှစ်များက မိုးစပါးနှင့် ဆောင်းသီးနှံ စိုက်ပျိုးစရိတ်ချေးငွေများကို အစောဆုံး အကျေပြန်လည်ပေးဆပ်ခဲ့သည့် ဓနုကတိုက်ကျေးရွာမှ တောင်သူ ၃၃ ဦးတို့၏ စိုက်ဧက ၂၉၅ ဧကအတွက် ချေးငွေကျပ် ၈၈၅ သိန်းကို လက်ဝယ်အရောက် ပေးအပ်သည်။

သထုံမြို့နယ်တွင် ကျေးရွာအုပ်စုပေါင်း ၄၃ အုပ်စုမှ တောင်သူ ၂၇၈၁ ဦးတို့၏ မိုးစပါးစိုက်ဧကပေါင်း ၂၅၀၀၀ အတွက် စိုက်ပျိုးစရိတ်ချေးငွေကျပ် သိန်းပေါင်း ၇၅၀၀၀ ကို မေလမှ ဇူလိုင်လအထိ ထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ၂၀၂၆ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ သင်တန်းစခန်းများတွင် လေ့ကျင့်သင်ကြားပေးလျက်ရှိ



လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား သင်တန်းသူများ ပျံသန်းရေးအုပ်များသို့ လက်တွေ့ကွင်းဆင်းလေ့လာစဉ်။

နေပြည်တော် မေ ၁၃

ကျောင်းသား ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များ အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းများကို ဧပြီ ၂၇ ရက်တွင် သက်ဆိုင်ရာမြို့နယ်အသီးသီးရှိသင်တန်းစခန်းများ၌ ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် ရေတပ်ဆက်သွယ်ရေးဘာသာရပ်၌ ပါဝင်သည့် ဗျည်း၊ သရ၊ လက္ခဏာလက်ရိုက်အလံအချက်ပြသင်ခန်းစာ၊ လှေလှော်ရွက်တိုက်ဘာသာရပ်၌ ပါဝင်သည့် လှေနှင့် လှော်တက်အမျိုးအစားများ သင်ခန်းစာ၊ လှော်ခတ်ပုံနည်းစနစ်သင်ခန်းစာ၊ ရွက်လှေအမျိုးအစားနှင့် ရွက်လွှင့်ပုံသင်ခန်းစာများကို နေပြည်တော်ကောင်စီနယ်မြေ နေပြည်တော်ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၉၅ ဦး၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့ အင်းယားရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၁၀၀၊ ဘားအံမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၁၂၀၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၆၀၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၅၀၊ ဟိန်းဇဲဒေသရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၄၀၊ ကျွန်းစုမြို့ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၅၀ နှင့် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၇၅ ဦးတို့ကို သက်ဆိုင်ရာ နယ်မြေအသီးသီးမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး ကျန်သင်တန်းစခန်းအသီးသီးတွင်လည်း ဆက်လက်လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

အလားတူ အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၉) သင်တန်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် သင်တန်းစခန်း ၂၀ တွင် စုစုပေါင်း သင်တန်းသား ၁၀၄၄ ဦးဖြင့် ဧပြီ ၂၇ ရက်မှစတင်၍ ဖွင့်လှစ်လျက်ရှိရာ မိတ္ထီလာမြို့ မြန်မာပြည်မြောက်ပိုင်းသင်တန်းစခန်းမှ တန်းမြင့်လေကြောင်း လူငယ်သင်တန်းသား ၅၃ ဦး၊ မှော်ဘီမြို့ မြန်မာပြည်တောင်ပိုင်းသင်တန်းစခန်းမှ တန်းမြင့်လေကြောင်း လူငယ်သင်တန်းသား ၆၃ ဦး၊ ရန်ကုန်မြို့ ရန်ကုန်သင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ် သင်တန်းသား ၅၀၊ လှိုင်ကော်မြို့ လှိုင်ကော်သင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ်သင်တန်းသား ၅၅ ဦး၊ ဟုမ္မလင်းမြို့ ဟုမ္မလင်းသင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ်သင်တန်းသား ၅၀ နှင့် နေပြည်တော်ကောင်စီနယ်မြေ နေပြည်တော်သင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ်သင်တန်းသား ၆၅ ဦးတို့အား အခြေခံစစ်ရေးပြ ဘာသာရပ်၊ လေကြောင်းလူငယ်သမိုင်းဘာသာရပ်၊ လေကြောင်းပညာသမိုင်းဘာသာရပ်၊ လေယာဉ်ပျံသန်းမှု အခြေခံသဘောတရားဘာသာရပ်၊ လေကြောင်းဆိုင်ရာ အခြေခံဗဟုသုတများ ဘာသာရပ်၊ Airfield Procedure ဘာသာရပ်၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် ဓာတ်သွေး၊ ဓာတ်မာန်ဘာသာရပ်၊ RC လေယာဉ်/ ရဟတ်ယာဉ်မောင်းနှင်ခြင်းဘာသာရပ်၊ RC Simulator နှင့် Flight Simulator မောင်းနှင်ခြင်းဘာသာရပ်များကို တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး ကျန်သင်တန်းစခန်းအသီးသီးတွင်လည်း ဆက်လက်လေ့ကျင့်သင်ကြားပို့ချပေးလျက်ရှိသည်။

ထို့ပြင် တပ်မတော်(လေ)၏ နေ့စဉ်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းဆောင်တာများကို သိရှိနားလည်စေရန်အတွက် လေတပ်စခန်းဌာနချုပ်များနှင့် လေတပ်စခန်းများရှိ ပျံသန်းရေးအုပ်များ၊ ပြုပြင်ထိန်းသိမ်းရေးအလုပ်ရုံများနှင့် လေကြောင်းထိန်းမျှော်စင်များသို့ သွားရောက်၍ လက်တွေ့ကွင်းဆင်းလေ့လာခြင်းများလည်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မိုင်းရယ်မြို့နယ်၌ ပန်းရုံသင်တန်းဖွင့်လှစ်



မိုင်းရယ် မေ ၁၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် နားခိုကျေးရွာ၌ ရက်(၁၀၀) စီမံချက်ဖြင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုပန်းရုံသင်တန်းကို ယမန်နေ့က ကျေးရွာဘက်စုံသုံးခန်းမ၌ ဖွင့်လှစ်သည်။

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းခိုင်ဦးက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဆောင်ရွက်မည့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် သင်တန်းမှပို့ချမည့် အသိပညာအတတ်ပညာများကို စနစ်တကျလေ့လာသင်ယူပြီး လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိအသုံးချနိုင်စေရေးတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသားများထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြသည်။ အဆိုပါသင်တန်းကို မေ ၁၂ ရက်မှ ၂၆ ရက်အထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ကန်ကြီးထောင့်မြို့နယ်၌ ရေမြောင်းတူးဖော်နေမှု ကွင်းဆင်းစစ်ဆေး

ကန်ကြီးထောင့် မေ ၁၃

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရက် (၁၀၀) စီမံချက်ဖြင့် မြို့လယ်လမ်းမကြီးဘေး ရေမြောင်းတူးဖော်နေမှုကို မေ ၁၁ ရက်က တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ယင်းသို့ ကွင်းဆင်းကြည့်ရှုရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်အောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးသန်းစိုးလွင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများက အမှတ် ၄ ရပ်ကွက် မြို့လယ်လမ်းမှ မြို့အဝင်လမ်းမကြီးဘေးတစ်လျှောက် အရှည်ပေ ၁၀၀၀ ရှိ ရေမြောင်းအား စက်အင်အားဖြင့် တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကျော်ဇင်စိုး(ပြန်/ဆက်)**

## တွံတေးမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေး

ရန်ကုန် မေ ၁၃

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် အခွန်ဦးစီးမှူးရုံးက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခွန်ဆိုင်ရာအသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို မေ ၁၁ ရက် မွန်းလွဲပိုင်းတွင် တွံတေးမြို့နယ်အခွန်ဦးစီးမှူးရုံး၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် မြို့နယ်အခွန်ဦးစီးဌာနမှ မြို့နယ်အခွန်ဦးစီးမှူး ဦးစံသိန်းက အခွန်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**





## မရမ်းကုန်းမြို့နယ်၌ မြို့နယ်စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီ အစည်းအဝေးပြုလုပ်

ရန်ကုန် မေ ၁၃

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ မြို့နယ်စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီ၏ ပုံမှန်အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက ကျင်းပရာ မြို့နယ်စာကြည့်တိုက်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်ကျော်မိုးက အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ကော်မတီအတွင်းအရေးမှူး ဦးသိန်းထွန်းအောင်နှင့် တက်ရောက်လာကြသူများက ရပ်ကွက်/ ကျေးရွာ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးကိစ္စရပ်များ၊ စာပေဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီမှ လှူဒါန်းပေးသော သုတ/ ရသ စာအုပ် ၈၇ အုပ်အား မရမ်းကုန်းမြို့နယ် အမှတ်(၂) ရပ်ကွက်ရှိရည်ညွန်းစာကြည့်တိုက်အတွက် မြို့နယ်စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီမှ တာဝန်ရှိသူများက ထပ်ဆင့်ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မင်းသိန်းထွန်း**

## ကျိုက်ထိုမြို့နယ်ရှိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းခွဲရုံ ကြည့်ရှုစစ်ဆေး

ကျိုက်ထို မေ ၁၃

မွန်ပြည်နယ် အစိုးရအဖွဲ့ဝင် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဇေယျာဦးသည် ယနေ့ နံနက်ပိုင်းက ကျိုက်ထိုမြို့နယ်ရှိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းခွဲရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် တောင်သူစုရပ်ကွက်မြန်မာ့မီးရထားကျိုက်ထိုဘူတာဝင်းတွင် ဘူတာမှတာဝန်ရှိသူများအား အဆိုပါဧည့်ခန်းမတွင်တွေ့ဆုံပြီး မြန်မာ့မီးရထားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ မီးရထားစီးခရီးသွားပြည်သူများ၊ မီးရထားဖြင့် ဘုရားဖူးလာရောက်ကြသည့် ပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

ပြည့်ဖြိုး(ပြန်/ဆက်)



## တောင်ကြီးမြို့၌ နွေရာသီသင်တန်းများဖွင့်

တောင်ကြီး မေ ၁၃

ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ဒုတိယအကြိမ် နွေရာသီအခြေခံ ကွန်ပျူတာ၊အင်္ဂလိပ်စာသင်တန်း ဖွင့်ပွဲကို မေ ၁၁ ရက် နံနက်ပိုင်းက တောင်ကြီးမြို့လူထုအခြေပြုဗဟိုဌာန ဘက်စုံသုံးခန်းမ၌ ပြုလုပ်သည်။



သင်တန်းဖွင့်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကိုယ်စား ပြည်နယ် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးလင်းအောင်ဆွေက အမှာစကား ပြောကြားပြီး သင်တန်းအတွက် ချီးမြှင့်ငွေနှင့် သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် အင်္ဂလိပ်စကားပြော သင်တန်းခန်းမ၊ ကွန်ပျူတာသင်တန်းခန်းမတို့ တွင် သက်ဆိုင်ရာ ဘာသာရပ်အလိုက် သင်ကြားနေမှုနှင့် အထွေထွေ ဗဟုသုတစကားပုံဆက်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲကျင်းပနေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## လှည်းကူးမြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများပေးအပ်

လှည်းကူး မေ ၁၃

လှည်းကူးမြို့နယ်တွင် နိုင်ငံတော်အစိုးရ၏ရက်ပေါင်း(၁၀၀) စီမံချက်ဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူး ရဲမှူးညီညီလွင်နှင့် ကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ



တာဝန်ရှိသူများက တောင်သူ ၅၅ ဦးထံသို့ စိုက်ပျိုးစရိတ်ချေးငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ အိရွှေစင်လတ်(လှည်းကူး)



## မြောင်းမြမြို့၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေပေးအပ်

မြောင်းမြ မေ ၁၃

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးပေးခြင်း အခမ်းအနားကို မေ ၁၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ မြရွှေဝါခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တံခွန်တိုင်ကျေးရွာအုပ်စုအတွင်းရှိ တောင်သူ ၁၀၉ ဦးတို့၏ မိုးစပါးစိုက် ၈၀၇ ဧကအတွက် တစ်ဧကလျှင် ငွေကျပ်သုံးသိန်းနှုန်းဖြင့် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများအား မြောင်းမြမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။ **အောင်ဖြိုး(ပြန်/ဆက်)**

## သံတောင်ကြီးမြို့နယ်၌ ကျွဲ၊ နွားကူးစက်ရောဂါကာကွယ်ဆေးထိုးနှံ

သံတောင်ကြီး မေ ၁၃

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ရက်(၁၀၀) စီမံချက်ဖြင့် ကျွဲ၊နွားကူးစက်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို မေ ၁၁ ရက်က သံတောင်ကြီးမြို့နယ် မိတ်သလင်တောင်ကျေးရွာနှင့် ပျားစခန်းကျေးရွာတို့တွင် ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် သံတောင်ကြီးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါက်တာဇင်မျိုးအောင်နှင့် ဝန်ထမ်းများက ကျွဲ၊ နွားကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။ **နော်နော်မူ**



❖ **မြန်မာအသင်းမှ**

ကမ္ဘာ့ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲကို မေ ၁၆ ရက်မှ ၂၃ ရက်အထိ မလေးရှားနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး မြန်မာပိုက်ကျော်ခြင်းအသင်းသည် ပြိုင်ပွဲအမျိုးအစား သုံးမျိုးစလုံး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ သုံးယောက်တွဲပြိုင်ပွဲ အုပ်စု (A) တွင် မလေးရှား၊ ဂျပန်၊ စင်ကာပူ၊ အုပ်စု (B) တွင် ထိုင်း၊ အီရန်၊ အိန္ဒိယ၊ အုပ်စု (C) တွင် မြန်မာ၊ ဗီယက်နမ်၊ တရုတ်၊ အင်ဒိုနီးရှား၊ အုပ်စု (D) တွင် ဖိလစ်ပိုင်၊ တရုတ်တိုင်ပေ၊ တောင်ကိုရီးယား၊ ဘရူနိုင်း၊ လေးယောက်တွဲပြိုင်ပွဲ အုပ်စု (A) တွင် တရုတ်၊ ဘရူနိုင်း၊ မြန်မာ၊ အုပ်စု (B) တွင် ဖိလစ်ပိုင်၊ တရုတ်တိုင်ပေ၊ အီရန်၊ အုပ်စု (C) တွင် အိန္ဒိယ၊ စင်ကာပူ၊ တောင်ကိုရီးယား၊ မလေးရှား၊ အုပ်စု (D) တွင် ဂျပန်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ထိုင်း၊ သုံးယောက်တွဲ အသင်းလိုက်ပြိုင်ပွဲ အုပ်စု (A) တွင် ထိုင်း၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ အုပ်စု (B) တွင် မလေးရှား၊ အိန္ဒိယ၊ မြန်မာ၊ အုပ်စု (C) တွင် တောင်ကိုရီးယား၊ စင်ကာပူ၊ ဂျပန်၊ အုပ်စု (D) တွင် အင်ဒိုနီးရှား၊ တရုတ်၊ ဘရူနိုင်းအသင်းတို့ ပါဝင်သည်။

ပြိုင်ပွဲဝင်မည့် မြန်မာပိုက်ကျော်ခြင်းအသင်းတွင် အုပ်ချုပ်သူ ဦးမြင့်လွင်ဌေး၊ နည်းပြ-ဦးကျော်မင်းစိုး၊ ဦးအောင်မျိုးဆွေ၊ ကစားသမားများအဖြစ် ဇင်မင်းဦး၊ သန့်ဇင်ထွန်း၊ အောင်မျိုးကျော်၊ ချစ်လွန်းပို၊ ရှိန်းဝဏ္ဏဇော်၊ ရန်ပိုင်ဦး၊ မင်းသန့်သူ၊ဟန်ဝင်းထွဋ်၊ ရဲထက်၊ အောင်အောင်၊ သက်ပိုင်စိုးနှင့် ရှင်းသန့်တို့ ပါဝင်ကြသည်။ မြန်မာပိုက်ကျော်ခြင်းအသင်းသည် လေးယောက်တွဲပြိုင်ပွဲတွင် ဇင်မင်းဦး၊ သန့်ဇင်ထွန်း၊ အောင်မျိုးကျော်၊ ချစ်လွန်းပို၊ ရှိန်းဝဏ္ဏဇော်၊ ရန်ပိုင်ဦး၊ သုံးယောက်တွဲပြိုင်ပွဲတွင် မင်းသန့်သူ၊ ဟန်ဝင်းထွဋ်၊ ရဲထက်၊ အောင်အောင်၊ သက်ပိုင်စိုးတို့ဖြင့် ယှဉ်ပြိုင်ရန် ရွေးချယ်ထားပြီး သုံးယောက်တွဲအသင်းလိုက်ပြိုင်ပွဲတွင်မူ ရွေးချယ်သွားသည့် ကစားသမား ၁၂ ဦး၏ ခြေစွမ်းအပေါ်မူတည်ပြီး ယှဉ်ပြိုင်စေမည်ဖြစ်သည်။ **သတင်း-ချစ်ကိုကို၊ ဓာတ်ပုံ-MSTAF**

☆ **အာရှဖလား ယူ-၁၇ မှ**

မြန်မာအသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့သော်လည်း အတောင့်တင်းဆုံးလူစာရင်းဖြင့် ပွဲထွက်လာသည်။ ပွဲစကတည်းက နှစ်သင်းစလုံး အပြန်အလှန် တိုက်စစ်ဆင်ကစားနိုင်ခဲ့ပြီး တိုက်စစ်မှူး စိုင်းမြတ်မင်း က ၁၉၊ ၂၂ မိနစ်တွင် နှစ်ဂိုးဆက်သွင်းယူကာ မြန်မာအသင်း နှစ်ဂိုးပြတ် ဦးဆောင်နိုင်ခဲ့သည်။ သို့သော် မိနစ် ၃၀ တွင်ဆူသီဖာပရာက ထိုင်းအသင်းအတွက်ပထမချေပဂိုးပြန်သွင်းခဲ့သဖြင့် ပထမပိုင်းအပြီးတွင် မြန်မာအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် ထိုင်းအသင်းက ချေပဂိုးရရန် အားပိုထည့်လာပြီး ၇၅ မိနစ်တွင် ဂါဘရုတ်က ဒုတိယဂိုးသွင်းယူခဲ့သဖြင့် နှစ်ဂိုးစီ သရေကျခဲ့ခြင်းဖြစ်သည်

အုပ်စု(A) အခြားပွဲတွင် အိမ်ရှင်ဆော်ဒီအာရေဗျ အသင်းနှင့် တာဂျစ်ကစ္စတန်အသင်း ငါးဂိုးစီသရေကျခဲ့သည်။ အုပ်စု(A)ပွဲစဉ်များအပြီးတွင် ဆော်ဒီအာရေဗျအသင်းနှင့် တာဂျစ်ကစ္စတန်အသင်းက ခုနစ်မှတ်စီဖြင့် ကွာတားဖိုင်နယ်တက်ရောက်ပြီး ထိုင်းအသင်းနှင့် မြန်မာအသင်းက တစ်မှတ်စီရရှိကာ အုပ်စုမှ ထွက်ခဲ့ရသည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF**



## ပေါင်မြို့နယ်၌ ကျွဲ၊ နွားကာကွယ်ဆေးများ ထိုးနှံပေး

ပေါင် မေ ၁၃

မွန်ပြည်နယ် ပေါင်မြို့နယ်၌ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ရက်(၁၀၀)စီမံချက်ဖြင့် ကျွဲ၊ နွားကူးစက်ရောဂါကာကွယ်ဆေးထိုးနှံခြင်းကို ယနေ့နံနက်ပိုင်းက ကျွဲခြံကျေးရွာနှင့် မိုးနိုင်းရပ်ကွက်တို့တွင် ဆောင်ရွက်သည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် ခရိုင်ဦးစီးမှူးဒေါက်တာဥမ္မာနှင်း၊ မြို့နယ်ဦးစီးမှူး ဒေါက်တာကျော်ရဲအောင်နှင့်ဝန်ထမ်းများက ကျွဲခြံကျေးရွာနှင့် မိုးနိုင်းရပ်ကွက်အတွင်းရှိ ကျွဲ၊ နွားကောင်ရေ ၂၀၀ တို့အား ကျွဲ၊ နွားလည်ချောင်းကွဲရောဂါနှင့် ပေါင်ပုပ်လက်ပုပ်ရောဂါ ကာကွယ်ဆေးများကို အိမ်တိုင်ရာရောက် လိုက်လံထိုးနှံပေးခဲ့ကြောင်း သိရသည်။ **မွန်မလေး(ပြန်/ဆက်)**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# မက်မန်းမြို့နယ်အတွင်းရှိ သံလွင်မြစ်အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသည့် တရုတ်နိုင်ငံသား ၉၀ အား လုပ်ငန်းသုံးဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် မေ ၁၃

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိရာ မေ ၁၂ ရက်နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မက်မန်းမြို့နယ်အတွင်းရှိ သံလွင်မြစ်အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်နေသည့် တရုတ်နိုင်ငံသား ၉၀ ကို လုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) မက်မန်းမြို့နယ်အတွင်းရှိ သံလွင်မြစ်အရှေ့ဘက်ကမ်းတစ်လျှောက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ဆောင်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ရှာဖွေစစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မေ ၁၂ရက် ညနေ ၄ နာရီခန့်တွင် မက်မန်းမြို့၏ အနောက်တောင်ဘက် ၅၅ ကီလိုမီတာခန့်အကွာရှိ သံလွင်မြစ်အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ရာတွင် အသုံးပြုသည့် အလျားပေ ၈၀၊ အနံပေ ၄၀ ရှိ လူနေမိုးကာတဲ သုံးလုံးနှင့် **စာမျက်နှာ ၁၄ ကော်လံ ၁ သို့** ❍



အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်ခဲ့သည့် တရုတ်နိုင်ငံသား ၁၉ ဦးကို တွေ့ရစဉ်။



## အာရှဖလား ယူ-၁၇ ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲတွင် မြန်မာနှင့်ထိုင်း သရေကျ

ရန်ကုန် မေ ၁၃

၂၀၂၆ အာရှဖလား ယူ-၁၇ ပြိုင်ပွဲ အုပ်စု(A) နောက်ဆုံးနေ့ကို မေ ၁၂ ရက် ညပိုင်းက ဆော်ဒီအာရေဗျနိုင်ငံ၌ ကျင်းပရာ မြန်မာနှင့်ထိုင်းအသင်း နှစ်ဂိုးစီသရေကျခဲ့သည်။

**နိုင်ပွဲရရှိရန်ကြိုးပမ်း**

မြန်မာအသင်းရော ထိုင်းအသင်းပါ အုပ်စုဒုတိယ ပွဲပြီးကတည်းက နောက်တစ်ဆင့်တက်ရောက်ခွင့် ဆုံးရှုံးပြီးဖြစ်သော်လည်း ဂုဏ်သိက္ခာပိုင်းအတွက် နိုင်ပွဲရရှိရန် ကြိုးပမ်းခဲ့သည်။ မြန်မာအသင်းအနေဖြင့် အနိုင်သုံးမှတ်ရရှိသင့်သည့်ပွဲဖြစ်သော်လည်း နှစ်ဂိုးပြတ် ဦးဆောင်ပြီး ထိုင်းအသင်းက ချေပဂိုးနှစ်ဂိုး ပြန်သွင်းကာ သရေကျခဲ့ခြင်းဖြစ်သည်။ **စာမျက်နှာ ၁၈ ကော်လံ ၅ သို့** ☆

## ယနေ့ မိုးလေဝသ (၁၄-၅-၂၀၂၆)

**နေပြည်တော်နှင့်အနီးတစ်ဝိုက်**

နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်**

နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်**

နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မိုး/ဇလ

## မြန်မာအသင်းယှဉ်ပြိုင်မည့် ကမ္ဘာ့ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုပွဲစဉ်များ ထုတ်ပြန်

ရန်ကုန် မေ ၁၃

မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်းအသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၂၆ ကမ္ဘာ့ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုပွဲစဉ်များ ထွက်ပေါ်လာပြီဖြစ်သည်။ စာမျက်နှာ ၁၈ ကော်လံ ၅ သို့ ❖

## ယနေ့ ဖတ်စရာ

**အင်းတော်မြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျောင်းအုပ်ချုပ်မှုကိစ္စများ ဆောင်ရွက်နေသည့် ပညာရေးဝန်ထမ်းများအား အကြမ်းဖက်သောင်းကျန်းသူများက FPV Suicide Drone များဖြင့် ယုတ်မာစွာ အကြောင်းမဲ့ပစ်လွှတ်တိုက်ခိုက်ခဲ့သဖြင့် ပညာရေးဝန်ထမ်းသုံးဦး ထိခိုက်ဒဏ်ရာရရှိ**



စာမျက်နှာ » ၁၃



**အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၀ ထပ်မံဖော်ထုတ်ထိန်းသိမ်း**

စာမျက်နှာ » ၁၅

**ဒူးရင်းမျိုးရင်းများကိုပြသမည့် မြန်မာ့ဒူးရင်းပွဲတော် မြေပဒေသာကျွန်း၌ ကျင်းပမည်**

စာမျက်နှာ » ၁၆